မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့

အခမ်းအနားသို့ သဝဏ်လွှာပေးပို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် သြဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် လူမျိုးရေးသွေးခွဲသပ်လျှိုး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှောင့်နှေးရန် စီးပွားရေးပိတ်ဆို့ဟန့်တား

နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုးစွက်ဖက်နှောင့်ယှက်မှုများကို အမျိုးသားရေးသတိရှိကြရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့မင်္ဂလာအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက် ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအား သည်နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ စေတနာမှန်ကန်စွာဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ပါဝင်ပူးပေါင်း လက်တွဲဆောင်ရွက်လာသော ကရင်အမျိုးသား အစည်းအရုံး(KNU)/ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်း ချမ်းရေးကောင်စီ၏ ငြိမ်းချမ်း ရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော် ကိုးကျေးရွာ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ကရင်အမျိုးသားအစည်း အရုံး(KNU)/ကရင်အမျိုး သားလွတ်မြောက်ရေး တပ် မတော် (KNLA) ငြိမ်းချမ်း ရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ် ထွေးမောင်နှင့် တပ်ဖွဲ့ဝင်များ အား ဒေသခံ တိုင်းရင်းသား ပြည်သူများက နွေးထွေးပျူငှာ ပျော်ရွှင်စွာ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-2 (01) 1 2/12/07, 2:06 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးအတွက် နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။

ဒေသခံ တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး စသည့်လူမှုရေးဆိုင်ရာအဆောက်အအုံများ၊ လယ်ယာ၊ ဆည်မြောင်း၊ သစ်တော၊သတ္တုစသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်နှင့်အညီ အမျိုးသားရေးအင်အား ခိုင်မာအောင် စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသတစ်ခုချင်းအလိုက် တစ်ပြေးညီဖြစ်ထွန်းစေရန် ရည်ရွယ်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို ၁၉၈၉ခုနှစ်မှ စတင်၍ ကဏ္ဍအလိုက် တည်ဆောက် ဖြည့်ဆည်းပေးခဲ့ရာ ယခုအထိ ငွေကျပ်သန်းပေါင်း ၉၇၆၉၉သန်းကျော် သုံးစွဲခဲ့ပြီး ဖြစ်သည်။

ယင်းကဲ့သို့ ရည်မှန်းချက်ရှိရှိ စနစ်တကျဆောင်ရွက်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားဖြစ်ထွန်းလျက် ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ရန်အတွက် ဒေသခံ တိုင်းရင်းသားပြည်သူများ အဆင့်မြင့်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အပြင် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့မှစပြီး အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုရှိ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကောလိပ်များနှင့် ပညာရေးဝန်ကြီးဌာနအောက်မှ ဒီဂရီကောလိပ်များကိုပါ တက္ကသိုလ်အဆင့် တိုးမြှင့်ပေးလိုက်ပြီးဖြစ်ရာ တိုင်းရင်းသား လူငယ်များသည် နိုင်ငံတော်က ဖန်တီးပေးထားသည့် အခွင့်အလမ်းများကို အသုံးချပြီး လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးရေး ကြိုးပမ်းစွမ်းဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ တိုင်းရင်းသား ပြည်သူများကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁)ဒဂုံ ပညာရေးမိသားစု သီလရှင်များအား စာရေးတံမဲဖောက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား ဆဋ္ဌမအကြိမ်မြောက် စာရေးတံမဲ မဲဖောက်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က သမိဒ္ဓေါဒယ သုခိတာရာမမြန်အောင်ကျောင်းတိုက် တိုက်အုပ်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဇယဝတီနှင့် နာယက ဆရာတော်ကြီး ၁၃ ပါးအား စာရေးတံမဲဖောက် ဆက်ကပ်လှူဒါန်းပြီး **(ယာပုံ)** သီလရှင် အပါး၂၈၀ တို့အား အတန်းမှူးနှင့် ဆရာ ဆရာမများ၊ မိဘများ၊ ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများက စာရေးတံမဲဖောက် လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးသုစိတ္တာဘိဝံသက ရေစက်ချတရားတော် ချီးမြှင့်သည်။

သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား စာရေးတံမဲဖောက် လှူဒါန်းပွဲသည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်ပြီး အထက(၁)ဒဂုံရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်စေတနာရှင်မိဘများ၏ စုပေါင်းလှူဒါန်းငွေမှာ ကျပ် ၈၂ သိန်းကျော်ဖြစ်ကြောင်းသိရသည်။**(က-ပ)**

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ရုပ်ရှင်နှင့်ဗြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ်သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၂၀၀၆-၂၀၀၇ ပညာသင်နှစ်၌ ရုပ်ရှင်နှင့် ဗြဇာတ်ပညာ ဘွဲ့ကြို သုံးနှစ်သင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁ရက် မွန်းလွဲ ၁ နာရီက ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပို့ချခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်အေးအေးနွယ်က သင်ကြားရေးနှင့်ဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ရုပ်ရှင်နှင့်ပြဇာတ်ပညာ သင်တန်း ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဒေါ်စောမုံညင်း၊ ဦးဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်ဦးကိုကို၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပညာရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်ကြားပို့ချပေးမည့်ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော အနုပညာရှင်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်ကြားပို့ချပေး

ရုပ်ရှင်နှင့် ပြဇာတ်ပညာ ဘွဲ့ကြိုသုံးနှစ် သင်တန်း၌ စီစဉ်ညွှန်ကြားမှုပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ၊ ဇာတ်ညွှန်းပညာနှင့် ရုပ်ရှင်ဓာတ်ပုံပညာ ဘာသာရပ်များအား အထူးပြု၍ စာပေဘာသာရပ်များနှင့်အတူ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၆၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၇ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အမှန်ကို ပြန်ပြောနိုင်ပါစေ တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
- ၈:၂၀ ခေတ်မီပျား မွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး)
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ ကြည်နူးစရာ ကရင်ရိုးရာ
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၂၀ ပြည်တွင်း သတင်းအကျဉ်း
- ၉:၃၀ ရှမ်းရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲ
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ သျှိသျှားမြေမှ စပျစ်ချို
- ၁၀:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ ရတနာရွှေသိုက်
- ၁၀:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
- ၁၁:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ကလေးတို့ကျန်းမာရေးဆိုင်ရာ အမေးအဖြေများ)
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၀ ဒေသရော အစားအစာ ပုသိမ်ဟာလဝါ
- ၁၂:၄၀ တေးဂီတအစဉ်
- ၁၂:၄၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ် ၅၆နေ ဒေါ်ခင်ပုအား ရည်စူး၍ ဦးခင်မောင်ကြီး မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင် သစ်ကြီးအတွက်

ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွင့်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲတွင် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်မည်ဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးများနှင့် နိုင်ငံတော်အဆင့် ပညာရေး၊ လူမှုရေး၊ အားကစား၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်စသည်တို့တွင် ထူးချွန်သူများ၊ ဂုဏ်ထူး၊ ဘွဲ့ထူးရရှိသူ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများအား ဆုချီးမြှင့်မည်ဖြစ်ရာ အသင်းနာယက ဦးသန်းထွန်း ဖုန်း-၂၉၂၁၉၂၊ ဒုတိယဥက္ကဋ္ဌ ဦးစောလှိုင် (လှကမ္ဘာပရိဘောဂ) ဖုန်း-၂၉၁၃၁၁၊ အတွင်းရေးမှူး ဦးမြသိန်း ဖုန်း-၆၆၁၃၉၇နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ် စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ရေး ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူနိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ကာကွယ်ထိန်းသိမ်း

*** နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့သဝဏ်လွှာမှအဆက်**

ကျွန်ုပ်တို့၏ သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးတို့သည် ဤအမိပြည်ထောင်စုကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှစ၍ ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါသည်။

မားမားမတ်မတ် ရပ်တည်နိုင်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးများအားလုံးတို့သည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြပြီး ပြည်ပရန်စွယ်အသွယ်သွယ်ကို လက်တွဲတွန်းလှန်တိုက်ဖျက်နိုင်ခဲ့သဖြင့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** တည်းဟူသော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါသည်။ ဤသို့ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်သောကာလများ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ကျူးကျော်စစ်များ ဆင်နွှဲ

သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့် ကာလများတွင်မူ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆုတ်ယုတ်လျော့ပါးခဲ့ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။ ၁၉ရာစုအတွင်း ကိုလိုနီနယ်ချဲ့တို့က ၁၈၂၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ခုနှစ်တွင် တစ်ကြိမ် လက်နက်အားကိုးဖြင့် ကျူးကျော်စစ်များ ဆင်နွှဲခဲ့ပြီး မြန်မာနိုင်ငံတော်ကြီးကို သိမ်းပိုက်၍ မြန်မာတိုင်းရင်းသားများကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြပါသည်။

သွေးခွဲခဲ့

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို တာရှည်စွာ ကျွန်ပြုအုပ်ချုပ်နိုင်ရေးအတွက် မြေပြန့်ဒေသနှင့် တောင်တန်းဒေသများဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့ပြီး မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို ဖိနှိပ်ဖျက်ဆီးပြီး တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးအပေါ်တစ်ဦး သံသယစိတ်များ ဖြစ်ပေါ်စေရန် သွေးခွဲခဲ့ကြပါသည်။ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရမည့် အချိန်တွင်ပင် တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးဘဲ ခွဲခြားချန်လှပ်ထားရန် နယ်ချဲ့တို့က ကြံစည်အားထုတ်ခဲ့ကြပါသည်။

ခိုင်ခိုင်မာမာ ပြသနိုင်

သို့ရာတွင် **အရေးကြီးလျှင် သွေးနီးသည်၊ ရေကိုသား၍ အကြားမထင်** ဟူသော စကားရပ်များနှင့်အညီ မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဘက်စုံထောင့်စုံမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသနိုင်ခဲ့ကြပါသည်။ ဤသို့စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အလျောက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။

ရင်ဆိုင် ဖြေရှင်းနေရ

ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာ သွေးခွဲအုပ်ချုပ်ပြီး နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟလာစေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သံသယပွား စိတ်ဝမ်းကွဲပြားလာစေရန် စီမံဆောင်ရွက်ခဲ့ကြသဖြင့် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး ပြည်ထောင်စုကြီး ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်းဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိခဲ့သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အလေးထားမဆောင်ရွက်နိုင်ခဲ့ဘဲ နိုင်ငံတော်သည် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရပါသည်။

ယနေ့ အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေး သတိရှိကြရန် လိုအပ်ပါသည်။

သမိုင်းသင်ခန်းစာ ရယူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်ကို လည်းကောင်း သမိုင်းသင်ခန်းစာအဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့်ပင် တောတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ်ရာ ကျန်ရှိသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကိုလည်း နွေးထွေးစွာဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရာခိုင်နှုန်းပြည့် ရရှိရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက် ရှိနေပါသည်။

ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းအောင်ဆောင်ရွက်

ထိုသို့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုရရှိခဲ့၍ နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းလာသည့် အလျောက် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သော နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်ပေါင်းစုံတို့တွင် ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းအောင်ဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကို ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပ

ယင်းအခြေခံကောင်းများကို အရင်းတည်၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အဓိကအကျဆုံးနှင့် ပထမဆုံးသောလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် အများစုပါဝင်ပြီး အောင်မြင်စွာ ကျင်းပလျက်ရှိနေပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေး ဦးတည်ချက်အဖြစ် ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ထို့ကြောင့် ဗြဟ္မစိုရ်တရား၊ လောကပါလတရားတို့ကို အခြေခံလျက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူရည်တူရှိခြင်း၊ တရားဥပဒေစိုးမိုးခြင်း အခြေခံကောင်းများ နိုင်ငံတော်အတွင်း ဆက်လက်ဖြစ်ထွန်းလာစေရေးကို လည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်းတူညီမှု၊ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ အစဉ်ထာဝရ ထွန်းကားပြန့်ပွားလာစေရေးကို လည်းကောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ညီညွတ်မျှတစွာ ခွဲဝေခံစားနိုင်ကြစေရေး ကိုလည်းကောင်း အာမခံနိုင်မည့် တိုင်းရင်းသားလူမျိုးများ ကိုယ်တိုင်ပါဝင်ရေးဆွဲကြသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာတော့မည် ဖြစ်ပါသည်။

မမိုတ်မသုန် ဦးတည်ချီတက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ရာ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ် စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြိုးစဖူး ထူးကဲစွာရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိကြပါသည်။

ထို့အတူ နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ကျစ်လျစ်ခိုင်မာသော စုစည်းမှုဖြင့်လည်းကောင်း၊ ဖြစ်ထွန်းလျက်ရှိသော အမျိုးသားရေးအင်အားစုကြီး၏ စွမ်းအားဖြင့်လည်းကောင်း အရှိန်အဟုန်ပြင်းစွာ ဆက်လက် ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရင့်သန်ခိုင်မာစေရန် အားထုတ်ကြိုးပမ်းကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

အီရတ်သို့ ကန်တပ်ဖွဲ့ဝင်များစေလွှတ်မည့် သမ္မတဘုရှ်၏ အစီအစဉ် အောက်လွှတ်တော် ဒီမိုကရက်အမတ်များက ဆန့်ကျင်ကန့်ကွက်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

အောက်လွှတ်တော် ဒီမိုကရက်အမတ်များက အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၃ရက်တွင် သူတို့ စတင်ဆွေးနွေး မည်။ သို့သော် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သမ္မတဘုရှ်၏ အစီအစဉ်ကို ဆန့်ကျင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သမ္မတဘုရှ်၏ အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး အစီအစဉ်ကို တိုတိုရှင်းရှင်း ငြင်းပယ်ခြင်းဖြစ်၍ အီရတ်ဆိုင်ရာ သမ္မတဘုရှ်၏ မဟာဗျူဟာကို စိန်ခေါ်ရန် အမေရိကန် အောက်လွှတ်တော် ဒီမိုကရက်အမတ်များက ဖေဖော်ဝါရီ၉ရက်တွင် သန္နိဋ္ဌာန် ချလိုက်ကြသည်။

လိပ်ခဲတည်းလည်း

လူကြိုက်နည်းသည့် အီရတ်အရေးကိုပင် ဆွေးနွေးဆုံးဖြတ်ရန် လိပ်ခဲတည်းလည်း ဖြစ်နေသော အမေရိကန် အထက်လွှတ်တော်နှင့်မတူဘဲ အမေရိကန်အောက်လွှတ်တော်က ယင်းကိစ္စကို လာမည့်ရက်သတ္တပတ်တွင် ဆွေးနွေး ကိုင်တွယ်ကြမည် ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

ထပ်မံစေလွှတ်

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀ ထပ်မံစေလွှတ်ရန် သမ္မတဘုရှ်၏ မကြာမီက ဆုံးဖြတ်ချက်ကို လက်မခံဟူ၍သာ မိမိတို့ပြောမည်ဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ ကယ်လီဖိုးနီးယားပြည်နယ် ဒီမိုကရက်အမတ်နန်စီပဲလိုဆီက ပြောကြားသည်။

အီရတ်ဆိုင်ရာ စည်းနှောင်အားမရှိသည့် ထိုသို့သောဆုံးဖြတ်ချက်များကို သူ့သဘောထား တွေဝေပြောင်းလဲသွားမည် မဟုတ်ကြောင်း သမ္မတဘုရှ်က ကြေညာထားသည်။

ဖော်ပြ

သို့သော် လာမည့်ရက်သတ္တပတ်များစွာတွင် အသုံးစရိတ် ဥပဒေကြမ်းများကို ဆွေးနွေးသည့်အခါ အောက်လွှတ်တော် ဒီမိုကရက်အမတ်များက အီရတ်စစ်ပွဲဆိုင်ရာ အသုံးစရိတ်များ ဖြတ်တောက် မပစ်ဟု မဆိုနိုင်တော့ကြောင်း ရိုက်တာကဖော်ပြလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ



အင်္ဂါဂြိုဟ်၏ လဖြစ်သည့် ဖို့ဘော့စ်အရံဂြိုဟ်အား ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂြိုဟ်သစ်များရှာသည့်လုပ်ငန်း ပြင်သစ်ဂြိုဟ်တု စတင်

ပါရီ ဖေဖော်ဝါရီ ၁၁

ဂြိုဟ်သစ်များကို ရှာဖွေမည့် ပြင်သစ်ဂြိုဟ်တုမှာ အောင်မြင်စွာ စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ယခုအခါ လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း ဥရောပ အာကာသ အေဂျင်စီက ဖေဖော်ဝါရီ၉ရက်တွင် ကြေညာသည်။

ထောက်လှမ်းနိုင်

ကိုရောအမည်တွင်သည့် ယင်းဂြိုဟ်တုတွင် သေးငယ်သော ဂြိုဟ်များကို ထောက်လှမ်းနိုင်စွမ်းရှိသည့် အဝေးကြည့်မှန်ပြောင်းတစ်ခုကို သယ်ဆောင်သွားသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်္ဂါဂြိုဟ်၏လစူးစမ်းလေ့လာရေး ၂၀၁၆ခုနှစ်၌ စတင်နိုင်မည်

လန်ဒန် ဖေဖော်ဝါရီ ၁၁

အာကာသလေ့လာရေးအစီအစဉ်တွင် ထိပ်တန်းဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် အင်္ဂါဂြိုဟ်မှ ကျောက်တုံးကလေးများကို ကမ္ဘာ့မြေပြင်သို့ ယူဆောင်ရေး သိပ္ပံပညာရှင်များက ရည်မှန်းလျက်ရှိသည်။ ထိုကိစ္စကို ၁၅နှစ်မှ အနှစ် ၂၀အတွင်း အမေရိကန်သိပ္ပံပညာရှင်များနှင့် ဥရောပသိပ္ပံပညာရှင်များ ပူးတွဲလုပ်ဆောင်မည့် လက္ခဏာရှိသည်။

သို့သော် အင်္ဂါဂြိုဟ်မှ ကျောက်ခဲများ ရယူရေးမှာ လွန်စွာ ခက်ခဲသဖြင့် ဆွဲငင်အားပိုနည်းသည့် အင်္ဂါဂြိုဟ်၏ လဖြစ်သည့် "ဖိုဘော့စ်"အရံဂြိုဟ်မှ နမူနာသည်နည်းပညာကို ပထမစမ်းသပ်လုပ်ဆောင်မည်ဟု သိရသည်။

သုံးနှစ်ကြာမည့် အင်္ဂါဂြိုဟ်၏ 'ဖိုဘော့စ်လ စူးစမ်းရေး အစီအစဉ်ကို ၂၀၁၆ ခုနှစ်တွင်စတင်ရန်မျှော်မှန်းထားသည်။ ၂၀၁၆ခုနှစ်သည် ကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့၏ ဆက်သွယ်ရေး အနေအထားကောင်းမွန်သည့် အချိန်ဖြစ်သည်။

ထို့ပြင် အာကာသစူးစမ်းရေးယာဉ်၏ ခရီးမှာ သုံးနှစ်ကြာ ပိုမိုအချိန်နည်းသွားနိုင်သည်။ အင်္ဂါဂြိုလ် လေ့လာရေးအတွက် ပိုမိုခရီးရောက် သွားစေနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံတွင် နှင်းခဲထုပြိုကျ စကိတ်သမားတစ်ဦးသေဆုံး

ဆရီနာဂါ ဖေဖော်ဝါရီ ၁၁

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ ဆရီနာဂါတွင် ဩစတြေးလျ နိုင်ငံသားတစ်ဦးသည် လူသိများသော တောင်ပေါ် အပန်းဖြေစခန်းတစ်ခုတွင် စကိတ်စီးစဉ်တွင် နှင်းခဲထု ပြိုကျမှုကြောင့် သေဆုံးခဲ့ရကြောင်း ဖေဖော်ဝါရီ ၇ရက်တွင် ရဲတပ်ဖွဲ့က ထုတ်ပြန် ကြေညာခဲ့သည်။

၎င်းသည် မဲလ်ဘုန်းမြို့သားဖြစ်ပြီး အသက် (၃၁)နှစ်ရှိ ရွှန်ဂရီဂိုရီအင်တန် ဖြစ်ကြောင်း၊ ကက်ရှ်မီးယားဒေသ အဖာဝပ်တ်တောင်အနီးရှိ ဂူးလ်မာ့ဂ် စကိတ်စခန်း၌ အမြင့်ပေ ၁၃၄၀၀တွင် စကိတ်စီးခဲ့ကြောင်း၊ နှင်းထုတစ်ဟုန်ထိုး ပြိုကျမှုနှင့်အတူ အောက်တစ်မိုင်ခန့်မျှ ကျသွားကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့က ၎င်းအား မတွေ့မီ နှင်းပုံအောက်တွင် ၄၅မိနစ်ခန့် မြုပ်နေကြောင်း ဖော်ပြခဲ့သည်။

ဂူးလ်မာ့ဂ်စခန်းသည် ကက်ရှ်မီးယား နွေရာသီမြို့တော်မှ မိုင်၅၀အကွာတွင် တည်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်၏ စတုတ္ထမြောက် အာကာသလွှတ်တင်ရေးစခန်း တည်ဆောက်

ဟိုင်ကျို့ ဖေဖော်ဝါရီ ၁၁

တရုတ်နိုင်ငံ တောင်ဘက်ခြမ်း ဟိုင်နန်ပြည်နယ်တွင် တရုတ်နိုင်ငံ၏ စတုတ္ထမြောက် အာကာသလွှတ်တင်ရေးစခန်းကို တည်ဆောက်လျက်ရှိကြောင်း ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူး လျူဘိုမင်းက ပြောကြားသည်။

အဆိုပါစခန်းအတွက် သုတေသနလုပ်ငန်းများအား ၂၀၀၂ခုနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီ ကာလအတွင်း အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း လျူက ယခုနှစ် ဟိုင်နန်ပြည်နယ်ပြည်သူ့လွှတ်တော်သို့ တက်ရောက်စဉ် ပြောကြားခဲ့ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၊ အနောက်မြောက်ပိုင်းရှိ ဂန်ဆုပြည်နယ်နှင့် တောင်ပိုင်းရှိ ရှန်ဇီပြည်နယ်တို့တွင် အာကာသလွှတ်တင်ရေး စခန်းတစ်ခုစီရှိရာ ယခုအချိန်အထိ တရုတ်နိုင်ငံတွင် အာကာသလွှတ်တင်ရေးစခန်း သုံးခုရှိပြီးဖြစ်သည်။ ယခုအသစ်တည်ဆောက်လျက်ရှိသည့် အာကာသလွှတ်တင်ရေးစခန်းမှာဟိုင်နန်ပြည်နယ်၏ မြို့တော် ဟိုင်ကျို့မြို့၏ ကီလိုမီတာ ၆၀အကွာရှိ ဝန်ချန်မြို့တွင် တည်ရှိသည်။

အကျယ်အဝန်း

ဝန်ချန်အာကာသလွှတ်တင်ရေးစခန်းသည် အကျယ်အဝန်း ဧရိယာ စတုရန်းကီလိုမီတာ၂၀ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယားသို့ ပြည်ပမှ ကြက်ငှက်များတင်သွင်းမှု ပိတ်ပင်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၀

ကမ္ဘောဒီးယားအစိုးရသည် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် နိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှ ကြက်ငှက်များတင်သွင်းမှုကို ပိတ်ပင်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူများက သတင်းထောက်များအား ဖေဖော်ဝါရီ ၆ ရက်က ပြောကြားလိုက်သည်။

အိမ်နီးချင်း နိုင်ငံများဖြစ်သော ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိသဖြင့် ကျန်းမာရေးအဖွဲ့အစည်းများ စည်းကမ်းတင်းကျပ်စွာ လိုက်နာကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ မွေးမြူရေးခြံများမှထွက်ရှိသော ကြက်ငှက်များဖြင့်သာ စားသောက် အသုံးပြုကြရန် စည်းကမ်းသတ်မှတ်ထားကြောင်း တိရစ္ဆာန် ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးကိုပေါလ်ကပြောကြားလိုက်သည်။

တားမြစ်

ထို့ပြင် နယ်စပ်ဒေသများတွင် ကြက်ငှက်များ မှောင်ခိုတင်သွင်းသူများကို ကြိုတင်ကာကွယ်သည့် အနေဖြင့် အနီးကပ်စောင့်ကြည့် တားမြစ်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

သေဆုံး

၂၀၀၃ခုနှစ်မှ ယခုအချိန်ထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ခြောက်ဦးရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ထူးထူးခြားခြား ဆံပင်ဒီဇိုင်း

ထူးထူးခြားခြား ပြင်ဆင် ထုံးဖွဲ့ထားသော ဆံပင်ဒီဇိုင်းပုံစံတစ်ခုကို ပြသနေစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ဟောင်ကောင်တွင် ကျင်းပသည့် ဆံပင်ဒီဇိုင်းပြပွဲ၌ ဆံပင်များကို စက်ဘီးစီးနင်းနေသူတစ်ဦး ပုံပေါ်အောင် ပြင်ဆင်ထုံးဖွဲ့ထားသည့် စက်ဘီးဟု အမည်ပေးထားသော ဆံပင်ဒီဇိုင်းပုံစံဖြင့် အမျိုးသမီးတစ်ဦးက ပြိုင်ပွဲဝင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်လူငယ်တို့၏ ရေနွေးကြမ်းငှဲ့အစွမ်း

ရေနွေးကြမ်းငှဲ့ကာ စွမ်းရည်ပြနေသော တရုတ်လူငယ်များအား တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း ချန်ဒူမြို့ကျန်တိုင်လမ်းမကြီးပေါ်တွင် တရုတ်လူငယ်နှစ်ဦးက ရိုးရာဓလေ့ ရေနွေးကြမ်းသောက်သုံးမှုကို ပုံဖော်သည့်အနေဖြင့် အမျိုးမျိုးသောပုံစံများဖြင့် ရေနွေးကြမ်းငှဲ့ပြကာ စွမ်းရည်ပြခဲ့ကြသည်။ထိုသို့ စွမ်းရည်ပြခြင်းသည် ကမ္ဘာလှည့် ခရီးသွားများကို ဆွဲဆောင်မှုတစ်ရပ်အဖြစ် ပြုလုပ်ခြင်းလည်း ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်တွင် တိုက်ခိုက်မှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ၈ရက်က သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံစုံတပ်တွင် တာဝန်ကျသော အဆိုပါတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၇ရက်က တိုက်ပွဲတွင်ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း ၎င်းတို့က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဦးဆောင်သောစစ်ပွဲ အီရတ်တွင် စတင်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကတည်းက အမေရိကန်တပ်ဖွဲ့ ၃၁၀၀ကျော် သေဆုံးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ စာရင်းဇယားများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ (မြန်မာ့အလင်း)

ကမ္ဘာတစ်ဝန်းတွင် သီတင်းတစ်ပတ်အတွင်း အဖြစ်အပျက်ပေါင်းများစွာ ဖြစ်ပွားခဲ့လေသည်။ စက္ကန့်မလပ် ဖြစ်ပွားခဲ့သော သတင်းများအနက်မှ ထူးခြားမှုရှိသော သတင်းအချို့ကို မြန်မာ့အလင်း ပရိသတ်ကြီးအတွက် စုစည်း ဖော်ပြလိုက်ပါသည်။

ဖေဖော်ဝါရီ ၅ ရက်

- တစ်ကမ္ဘာလုံးတွင် ရာသီဥတုပူနွေးလာမှု၏ ဆိုးကျိုးသက်ရောက်မှုအခံရဆုံးမှာ အာဖရိကတိုက်ဖြစ်ပြီး အာဖရိကရှိ နိုင်ငံအများအပြားတွင် သဲကန္တာရမြေဖြစ်ထွန်းမှုများ တစ်စထက်တစ်စ ကျယ်ပြန့်စွာဖြစ်ပေါ်လာလျက်ရှိရာ နှစ်စဉ် ၃၀ ရာခိုင်နှုန်းခန့် တိုးမြင့်လာနေကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြလိုက်သည်။
- ၂၀၂၀ ပြည့်နှစ်မတိုင်မီ အာရှတိုက်သည် ကမ္ဘာလှည့်ခရီးသွားများအတွက် ရေလမ်းခရီးထွက်ရန် အကောင်းဆုံးနေရာတစ်ခုအဖြစ် ရွေးချယ်လာရောက်ကြမည်ဖြစ်ကြောင်း၊ ရေလမ်း အပျော်ခရီးရောက်ရှိလာမည့် ခရီးသည်အရေအတွက်သည် ၁ ဒသမ ၂ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း အာရှခရီးသွားလုပ်ငန်းအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ (အောက်ပုံ)

ဖေဖော်ဝါရီ ၆ ရက်

- အိန္ဒိယနိုင်ငံ အင်ဒပရာဒေ့ရှ်ပြည်နယ်တောင်ဘက်တွင် နျူကလီးယားစွမ်းအင်သုံး စက်ရုံတစ်ခုကို တည်ဆောက်ရန် အိန္ဒိယအစိုးရက ခွင့်ပြုလိုက်သည်။ ၎င်းစက်ရုံတည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ သုံးသန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက သတင်းထုတ်ပြန်သည်။
- တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့အကြီးမားဆုံး ကုန်စည်ပြပွဲကြီးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်လိုက်သည်။ ၎င်းကုန်စည်ပြပွဲကို မြေအကျယ်ကီလိုမီတာ ၅၄၀၀၀၀ ပေါ်တွင် ကျေးရွာတစ်ရွာကဲ့သို့ တည်ဆောက်ပြီး အဆောက်အအုံများကို လာမည့် ၂၀၀၉ ခုနှစ်၌ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ဖေဖော်ဝါရီ ၇ ရက်

- စင်ကာပူနိုင်ငံတွင် အထပ်ပေါင်း ၅၀ ရှိသော လူနေအိမ်ခန်းများပါရှိသည့် အဆောက်အအုံများ ဆောက်လုပ်နေပြီဖြစ်ကြောင်း စင်ကာပူအစိုးရက သတင်းထုတ်ပြန်လိုက်သည်။ ၎င်းအထပ်မြင့် လူနေအိမ်အဆောက်အအုံများသည် အာရှတွင် အမြင့်မားဆုံးသော လူနေအဆောက်အအုံများဖြစ်ကြောင်း အာရှအိမ်ရာမြေဆောက်လုပ်ရေးအဖွဲ့က ပြောကြားလိုက်သည်။
- နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ရောက်ရှိနေသော အာကာသယာဉ်မှူးနှစ်ဦးမှာ အာကာသယာဉ်စခန်းအပြင်ဘက်သို့ လမ်းလျှောက်ထွက်ပြီး နိုင်ငံတကာ အာကာသယာဉ်စခန်း၏ ကိုယ်ထည်တွင် တပ်ဆင်ထားသော အပူရောင်ခံပြားများနှင့် အအေးလိုင်းစနစ်များကို ပြင်ဆင်လိုက်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၈ ရက်

- ဗြိတိန်နိုင်ငံတွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့မှုကြောင့် ဘာမင်ဂမ်၊ လူတန်၊ စတန်စတက်နှင့် ကာဒစ်ဖ်လေဆိပ်များမှ လေယာဉ်ခရီးစဉ် အများအပြား ဖျက်သိမ်းခဲ့ရသည်။ ဆီးနှင်းကျဆင်းမှုမှာ လမ်းများပေါ်တွင် အမြင့် ခြောက်လက်မခန့်ရှိကြောင်း လန်ဒန်မြို့ မီဒီယာများက ဖော်ပြသည်။
- အီရန်နိုင်ငံက စစ်ရေယာဉ်များကိုပစ်ခတ်နိုင်သော ဒုံးကျည်တစ်ခုကို စမ်းသပ်ပစ်လွှတ်လိုက်သည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၃၅၀ အကွာအဝေးမှ ပစ်မှတ်ကိုထိအောင် ပစ်ခတ်နိုင်ကြောင်း၊ မည်သည့်စစ်ရေယာဉ်များကိုမဆို ပစ်ခတ်နစ်မြုပ်နိုင်ကြောင်း အီရန် မီဒီယာများက ဖော်ပြသည်။
- ဗီယက်နမ်နိုင်ငံ၏ မီးရထားလမ်း စီမံကိန်းနှစ်ခုနှင့် ရေလွှမ်းမှုမှ အကာအကွယ်ပေးရန်တို့အတွက် ပြင်သစ်နှင့် ဗီယက်နမ်တို့ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။ ၎င်းရထားလမ်းသည် အရှည် ၂၈၅ ကီလိုမီတာရှိပြီး ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း ဗီယက်နမ် မီဒီယာများက ဖော်ပြသည်။

ဖေဖော်ဝါရီ ၉ ရက်

- ၁၉၄၉ ခုနှစ်ကတည်းက တရုတ်နိုင်ငံ ယာန်ပူမြစ်အတွင်း နစ်မြုပ်နေခဲ့သော သင်္ဘောတစ်စင်းအား ဆယ်ယူလိုက်သည်။ ၎င်းသင်္ဘောမှာ ယန်ချူအမည်ရှိ သင်္ဘောဖြစ်ပြီး အလေးချိန်တန် ၁၅၀၀၀ ရှိကာ ပြီးခဲ့သည့် ဒီဇင်ဘာလကစတင်၍ ဆယ်ယူမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် ရေအောက်မှဆယ်ယူသော သင်္ဘောများအနက် အကြီးမားဆုံး သင်္ဘောတစ်စင်းပင်ဖြစ်ကြောင်း ရှန်ဟိုင်း အာဏာပိုင်များက သတင်းထုတ်ပြန်သည်။
- ဂျပန်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲမှု အလျင်အမြန်တိုးတက်လာလျက်ရှိရာ ဂျပန်နိုင်ငံသား ၁၀၀ ဒသမ ၂၂ သန်းသည် လက်ရှိ မိုဘိုင်းလ်ဖုန်း သုံးစွဲနေသူများဖြစ်ရာ ဂျပန်သား ၈၀ ရာခိုင်နှုန်းမှာ မိုဘိုင်းလ်ဖုန်း သုံးစွဲနေသူများဖြစ်ကြောင်း ဂျပန်နိုင်ငံ ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်

- ပါကစ္စတန်နိုင်ငံသည် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ မှ ကီလိုမီတာ ၃၀၀ အထိ မြန်နှုန်းမြင့် မောင်းနှင်နိုင်သော အမြန်ရထားပြေးဆွဲမှုကို လာမည့် ၂၀၁၀ ပြည့်၌ စတင်တော့မည်ဖြစ်ကြောင်း၊ ပါကစ္စတန်အစိုးရက သတင်းထုတ်ပြန်လိုက်သည်။ ၎င်းမြန်နှုန်းမြင့်ရထားကို ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ရာဝါပင်ဒီမြို့နှင့် လာဟိုးမြို့အကြား စတင်ပြေးဆွဲမည်ဖြစ်သည်။
- **မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ မြောက်ဘက် ပီနန်ပြည်နယ် ကမ်းလွန်ရှိ အမွှန်ကျွန်း** အနီး ရေပြင်သို့ လေယာဉ်တစ်စင်းပျက်ကျသည်။ ၎င်းလေယာဉ်မှာ ဒိုင်းမွန်းဒီအေ ၄၀ လေယာဉ်ငယ်တစ်စင်းဖြစ်ပြီး အင်ဂျင်ချို့ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သော်လည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း မလေးရှားနိုင်ငံက သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံ အမွှန်ကျွန်းအနီး ပျက်ကျသွားသော လေယာဉ်ငယ်အား မပျက်ကျမီ တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၁ ရက်

- ရုရှားသမ္မတ ပူတင်သည် အရှေ့အလယ်ပိုင်းဒေသသို့ ခရီးစတင်ထွက်ခွာသည်။ သမ္မတပူတင်သည် ဆော်ဒီအာရေဗျ၊ ကာတာနှင့် ဂျော်ဒန်နိုင်ငံများသို့ ခရီးလှည့်လည်မည်ဖြစ်ပြီး ဒေသဆိုင်ရာ ပြဿနာများ၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးမည်ဖြစ်သည်။ ယခုခရီးစဉ်သည် ရုရှားသမ္မတ ပူတင်၏ အရှေ့အလယ်ပိုင်းဒေသသို့ ပထမဆုံးခရီးစဉ်လည်း ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း Myanmar Tourist Map ထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ရေးအထောက်အကူပြု လုပ်ငန်းစဉ်တစ်ရပ်အဖြစ် Myanmar Tourist Map တစ်ခုကို ဒီဇိုင်းသုံးမျိုးဖြင့် ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ ယင်းမြေပုံကို ရန်ကုန်လေဆိပ်နှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲများဖြစ်သော International Travel Bourse (ITB)-Berlin, World Travel Mart(WTM)-London, ASEAN Tourism Forum (ATF), Thailand Travel Mart (TTM), Pacific Asia Travel Association (PATA Travel Mart) ပွဲများတွင်လည်းကောင်း၊ နိုင်ငံခြားရှိ မြန်မာသံရုံးများသို့ လည်းကောင်း အခမဲ့ဖြန့်ချိမည်ဖြစ်ကြောင်းနှင့် ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များ၊ လေကြောင်းလိုင်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များအနေဖြင့် ယင်းမြေပုံတွင် ကြော်ငြာများထည့်သွင်းရန် စိတ်ဝင်စားမှုရှိပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၅၅၉၆၇၂၊ ၅၅၉၆၇၃တို့သို့ ဖေဖော်ဝါရီ ၂၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ နျူကလီးယားအစီအစဉ်တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်က အခိုင်အမာပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အသက် ၂၀ အရွယ်ရှိ မိန်းကလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသွားကြောင်း၊ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ၌ ၆၄ ဦးမြောက် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

နယူးယောက်မြို့တွင် ဆီးနှင်းများ စံချိန်တင် ထူထပ်စွာကျဆင်းခဲ့ရာ အမြင့် ရှစ်ပေအထိ မြင့်တက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ ရက် အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အီရတ် ဒုတိယသမ္မတဟောင်း တာဟာယာဆင်ရာမန်ဒန်အား ကွပ်မျက်သတ်ဖြတ်ခြင်းမပြုရန် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့က အီရတ်တရားရုံးတစ်ရုံးသို့ မေတ္တာရပ်ခံလိုက်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က အင်တာနက်၌ ဖော်ပြသည်။

အီတလီနိုင်ငံ ဗီရိုနာမြို့ တောင်ဘက် ၂၅ မိုင်အကွာ မန်တူယာဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ခန့်က လူငယ်စုံတွဲတစ်တွဲ ပွေ့ဖက်လျက် သေဆုံးခဲ့သည့် အရိုးစုနှစ်စုံကို ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် မိုင် ၂၈၀ အကွာ ယော်ဆုမြို့၌ မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူကိုးဦးသေဆုံးပြီး အခြား ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်း ကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် တည်ဆောက်မည့် အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်း တော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း တော်ကြီး ဆောက်လုပ်ရန်အတွက် အမေရိကန်နိုင်ငံ နယူးယောက် မြို့နေ မောင်ဟုတ်ရံ-မဝေါင်မီရှူး မိသားစုက အမေရိကန်ဒေါ်လာ ၅၀၀၊ မချောင်လီဝါ၊ မနွယ်နွယ် ချောင် မိသားစုက အမေရိကန် ဒေါ်လာ ၁၅၀၊ ကိုလှဌေး၊ ကိုလှဝင်း၊ ကိုလှစိန်၊ ကိုလှသန်း မိသားစုက အမေရိကန်ဒေါ်လာ ၁၅၀၊ ရန်ကုန် မြို့ အလုံမြို့နယ် ရေတွင်းလမ်းနေ ဦးထုံဝမ်က ကျပ်နှစ်သောင်း စုပေါင်း လှူဒါန်းငွေများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ (ပ)ထပ် (အလှူငွေလက်ခံဌာန)၌ ကျောင်းအကျိုးဆောင်ဆရာတော် ဦးဇောတိက(ပုညသုခ)သရက်တောတိုက်၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေများ လက်ခံယူစဉ်။ (က-ပ)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ

နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့သို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွင်ထွန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောသုတေသနဌာန၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနများသို့ သွားရောက်လေ့လာကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ဒုတိယ ပါမောက္ခချုပ်က မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် မွေးမြူရေး အစားအစာနှင့် ဇီဝကမ္မဗေဒနှင့် ဇီဝ ဓာတုဗေဒဌာနများ၊ ခန္ဓာဗေဒဆိုင်ရာ ပြကွက်၊ ရောဂါဗေဒဌာန၊ အဏုဇီဝ ဗေဒဌာနများသို့ လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် သစ်တော သုတေသနဌာနသို့ရောက်ရှိကြရာစုဝေး ခန်းမ၌ ညွှန်ကြားရေးမှူး ဦးအုန်းဝင်းက သစ်တောသုတေသနဌာန၏ ရည်မှန်း ချက်၊ သစ်တောစီမံ၊ စိုက်ပျိုးပြုစုရေး ဌာန ဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုနေ့ ကိုယ် စားလှယ်များသည် သစ်မျိုးသန့် ပြန့်ပွားရေးနှင့် ရုက္ခဗေဒဌာန၊ ရေမြေ သားငှက်နှင့် သစ်တောသယံဇာတ ဌာန၊ သစ်တောကာကွယ်ရေးဌာန၊ သစ်ဂုဏ်သတ္တိနှင့် အသုံးချရေးဌာန၊ သစ်တောစက်မှုဌာန၊ ဘဏ္ဍာရေးနှင့် ကျွမ်းကျင်မှု အထောက်အကူပြုဌာန၊ သုတေသနကြီးကြပ်ရေးနှင့် တိုးချဲ့ ပညာပေးရေးဌာနတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့ က လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် သစ်တော တက္ကသိုလ်သို့ သွားရောက်လေ့လာ ကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဦးဝင်းကြည်က တက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု နေ့ကိုယ်စားလှယ်များသည် သစ်တော တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်သို့ ရောက်ရှိ ကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းနှင့် တာဝန်ရှိသူ တို့က တက္ကသိုလ်နှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ် စားလှယ်များသည် စိုက်ပျိုးရေးရုက္ခဗေဒ ဌာန၊ ဓာတုဗေဒဌာန၊ အပင်ရောဂါ ဗေဒဌာန၊ ကိမိလနှင့် သတ္တဗေဒဌာန များသို့ အဖွဲ့များခွဲ၍ လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်း ပြသကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ရေဆင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသို့ ရောက်ရှိကြကာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ရှိသူများက ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီး ဌာနနှင့် စပ်လျဉ်းသည်များကို ရှင်းလင်း ပြောကြားကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ခင်းကျင်း ပြသထားသော ဇီဝနည်းပညာ သုတေ သနပြကွက်၊ မြေဩဇာများ၊ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ သုတေသန ပြကွက်၊ မျိုးစေ့ဘဏ် သုတေသန လုပ်ငန်းများ၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသနပြကွက်များကို ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ပြန်လည်ရောက်ရှိ

ယင်းမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည်မော်တော်ယာဉ် များဖြင့် တည်းခိုရေးစခန်းသို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်ရှိ ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လေ့လာကြစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဘာဆက်လုပ်မလဲ မက်ကလာရင်

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

အင်္ဂလန် ဖေဖော်ဝါရီ ၁၁

အင်္ဂလန်ဘောလုံးအသင်းသည် ၁၉၆၆ခုနှစ်က ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အောင်မြင်မှုမှတ်တိုင်နှင့် ဝေးသည်ထက် ဝေးကွာလာခဲ့ပြီ ဖြစ်သည်။

အင်္ဂလန်အသင်း၏ အနီးဆုံး အောင်မြင်မှု မှတ်တိုင်များကို ပြန်ပြောင်းကြည့်လျှင် ၂၀၀၁ခုနှစ်ကစ၍ အင်္ဂလန်အသင်းကို ကိုင်တွယ်ခဲ့သည့် ဆဗန်ဂိုရမ်အဲရစ်ဆင် ကိုင်တွယ်ခဲ့စဉ်က ဖြစ်သည်။

ထိုစဉ်က အင်္ဂလန်အသင်းသည် ဖင်လန်၊ အယ်လ်ဘေးနီးယား၊ ဂရိနှင့် ဂျာမနီအသင်းများကို ကျော်ဖြတ်အနိုင်ယူပြသနိုင်ခဲ့သည်။ တောင်ကိုရီးယားနှင့် ဂျပန်တို့က အိမ်ရှင်အဖြစ် ကမ္ဘာ့ဖလားကျင်းပစဉ်ကလည်း အင်္ဂလန်တို့အုပ်စုပွဲကို ကျော်နိုင်ခဲ့သည်။ အင်္ဂလန်တို့ ယူရို ၂၀၀၄တွင်လည်း ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

သို့သော်လည်း အင်္ဂလန်တို့ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ပေါ်တူဂီအသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဤသည်မှာ အင်္ဂလန်တို့ ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးခဲ့ပြီးနောက် အောင်မြင်မှုမှတ်တိုင်များ ဖြစ်သည်။

မက်ကလာရင် ကိုင်တွယ်

၂၀၀၆ ကမ္ဘာ့ဖလားအပြီး နည်းပြ အဲရစ်ဆင်က အင်္ဂလန်အသင်းကို မက်ကလာရင်အား လွှဲပြောင်းပေးခဲ့သည်။

မက်ကလာရင် အင်္ဂလန်အသင်းကို စတင်ကိုင်တွယ်ခဲ့သည့် ပွဲဦးထွက်ပြိုင်ပွဲကတော့ ၂၀၀၆ခုနှစ် ဩဂုတ်၁၆ရက်က ဂရိအသင်းနှင့် ချစ်ကြည်ရေးကစားခဲ့သည့် ပွဲဖြစ်သည်။ ယင်းပွဲတွင် မက်ကလာရင်တို့ ပွဲဦးထွက် မျက်နှာပန်းလှခဲ့သည်။ အင်္ဂလန်က ဥရောပချန်ပီယံဂရိကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ကောင်းသတင်းမွှေး

မက်ကလာရင်၏ ဒုတိယခြေလှမ်းဖြစ်သည့် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂ ရက်က ကစားခဲ့သော အင်ဒိုရာအသင်းနှင့် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်လည်း ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြန်သည်။ ထိုစဉ်က မက်ကလာရင်၏ အောင်မြင်မှု အရှိန်အဟုန်သည် အင်္ဂလန်ပရိသတ်များအကြား ကောင်းသတင်းမွှေးခဲ့သည်။

တစ်ဖန် မက်ကလာရင်၏ တတိယမြောက် ခြေလှမ်းဖြစ်သည့် စက်တင်ဘာ ၆ရက် ယူရိုခြေစစ်ပွဲတွင်လည်း ပီတာခရောက်ချ်၏ တစ်ဂိုးတည်းသော အနိုင်ဂိုးဖြင့် မက်ဆီဒိုးနီးယား အသင်းကိုနိုင်ပြီး မက်ကလာရင် မျက်နှာပန်းလှနေဆဲ ဖြစ်သည်။

အင်္ဂလန်နည်းပြ မက်ကလာရင်။
(ဓာတ်ပုံ-အင်တာနက်)

ယင်းနောက်တွင် မက်ကလာရင်၏ ကြိုးပမ်းမှုများ မှေးမှိန်ခဲ့ရသည်။ ၂၀၀၆ခုနှစ် အောက်တိုဘာ ၇ရက်တွင် မက်ဆီဒိုးနီးယားနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့ရသည်။

ပထမဆုံးအရှုံး

တစ်ဖန် အောက်တိုဘာ ၁၁ရက် က ယူရိုခြေစစ်ပွဲအဖြစ် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အင်္ဂလန်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဤသည်မှာ မက်ကလာရင် လက်ထက် အင်္ဂလန်တို့ ပထမဆုံး အရှုံးဖြစ်သည်။

အရေးနိမ့်

အင်္ဂလန်တို့ နိုဝင်ဘာ ၁၅ရက်က နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ချစ်ကြည်ရေးပွဲတွင် တစ်ဂိုးတစ်ဂိုးစီ သရေကျခဲ့ပြန်သည်။ တစ်ဖန် ယခုနှစ် ဖေဖော်ဝါရီ ၇ရက်က ချစ်ကြည်ရေးပွဲအဖြစ် စပိန်အသင်းနှင့် ကစားရာတွင်လည်း မက်ကလာရင်၏ အင်္ဂလန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရပြန်သည်။

နည်းပါး

ထို့ကြောင့် မက်ကလာရင်သည် အင်္ဂလန်ဘောလုံးအသိုင်းအဝိုင်းနှင့် ပရီမီယာလိဂ်ကလပ်များ ဝေဖန်ပြစ်တင်မှုကို လည်စင်းခံနေရပြီဖြစ်သလို ၎င်းအား ထောက်ခံသည့် မဲအရေအတွက်မှာလည်း မရှိစလောက် နည်းပါးခဲ့ရပြီ ဖြစ်သည်။

စိုးရိမ်လာ

အင်္ဂလန်အသင်း ၂၀၀၈ ယူရိုချန်ပီယံဖြစ်ရေး သွားရာလမ်းကြောင်းတစ်လျှောက် မက်ကလာရင် ဆက်လက်ကောင်းမွန်အောင် ကိုင်တွယ်နိုင်မည်လားဆိုသည့် အတွေးကို အင်္ဂလန်ပရိသတ်များ စိုးရိမ်လာကြသည်။

မစ်ဒယ်ဘရော့အသင်း ဥက္ကဋ္ဌ စတိဗ်ဂစ်ဆင်ကတော့ မက္ကလာရင်သည် အင်္ဂလန်အသင်း ကြုံတွေ့နေရသော ပြဿနာများကို မန်နေဂျာလုပ်မပေးနိုင်ကြောင်း အပြတ်ပြောလိုက်သည်။ မက်ကလာရင်သည် စပိန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဖိအားပေးခံနေရသည်။

ပြစ်တင်

ပရီမီယာလိဂ် ဘောလုံးအသင်းကြီးများတွင် ကစားနေသော အင်္ဂလန်ဘောလုံးကစားသမားများသည် ထိပ်တန်းဘောလုံးသမားများ ဖြစ်သော်လည်း မက္ကလာရင် အဘယ်ကြောင့် စီမံခန့်ခွဲမှုမတတ်နိုင်သလဲဟူ၍လည်း ဂစ်ဆင်က ပြစ်တင်လိုက်သည်။

မက်ကလာရင် ယူရို ၂၀၀၈ပြိုင်ပွဲတွင် အောင်မြင်မှု မရခဲ့လျှင် နည်းပြအဖြစ်မှ နုတ်ထွက်ပေးသင့်ကြောင်းလည်း ၎င်းက ဆိုလိုက်သည်။

မက်ကလာရင်အား အင်္ဂလန်ပရိသတ်က ဝိုင်းဝန်းဝေဖန်အပြစ်ဆိုနေချိန်တွင် မန်ယူနည်းပြ ဖာဂူဆန်ကတော့ မက်ကလာရင်အား ထောက်ခံအားပေးစကား ဆိုခဲ့သည်။

မိမိအနေဖြင့် မက်ကလာရင် အပေါ် အရည်အချင်းနှင့်ပတ်သက်၍ သံသယမရှိကြောင်း၊ ၎င်းသည် ထိပ်တန်းစီမံခန့်ခွဲမှု အတွေ့အကြုံ မရင့်ကျက်သေးကြောင်း ဖာဂူဆန်က ပြောကြားသည်။

မကစားနိုင်

မက်ကလာရင်သည် အိုးထရက်ဖို့ဒ်၌ ဖာဂူဆန်၏ လက်ထောက်အဖြစ် နှစ်နှစ်ခွဲခန့် အလုပ်လုပ်ခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် စပိန်နှင့် ကစားရာတွင် အင်္ဂလန်အသင်းကို ပြန်လည် သုံးသပ်ကြည့်ရာတွင် ဂျရတ်ရော၊ လန်းပတ်ပါ အလယ်တန်းနေရာကို အကောင်းအဆုံး မကစားနိုင်ဘဲ ရှိနေသည်။

ကျဆင်းလာ

နောက်တန်းက ဂယ်ရီနဗီးလ်နှင့် ဖာဒီနန်တို့သည်လည်း စပိန်လူငယ် တိုက်စစ်မှူးများနှင့်အပြိုင် ပိတ်ဆို့ကစားနိုင်မှု ခြေစွမ်းကျလာသည့် အနေအထားရှိသည်။ တစ်ဖန် ရှေ့တန်းကျပြန်တော့လည်း ရှောင်ဖီးလစ်နှင့်ပီတာခရောက်ချ်တို့သာရှိသည်။ ဂိုးပေါက် ဖန်တီးမှုရော ဂိုးသွင်းစွမ်းရည်ပါ ကျဆင်းလာသည့် အနေအထားရှိသည်။

စောင့်စားကြည့်ရှု

ထို့ကြောင့် အင်္ဂလန်အသင်း ယူရိုခြေစစ်ပွဲသွားရာလမ်းကြောင်း တစ်လျှောက်မှာ အင်္ဂလန်အသင်း အောင်မြင်ရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရန် နည်းပြမက်ကလာရင်အနေဖြင့် ဘယ်ပုံဘယ်နည်း ဘယ်လိုစခန်းဆက်သွားမည်ဆိုသည်မှာ ဘောလုံးပရိသတ်များ စောင့်စားကြည့်ရှုရဦးမည်သာ ဖြစ်ပေသည်။

(ကိုးကား-အင်တာနက်သတင်းများ)

စပိန်အသင်းနှင့် ကစားရာတွင် ရှောင်ဖီးလစ် (ယာ) **ဤသို့ အကြိတ်အနယ် ကစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

စပိန်လာလီဂါပွဲစဉ်(၂၂) ရီးရဲမက်ဒရစ် နိုင်ပွဲရရှိ

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဖေဖော်ဝါရီ ၁၁

စပိန်လာလီဂါပွဲစဉ်(၂၂)ကို ဖေ ဖော်ဝါရီ ၁၀ရက်က ဆက်လက်ကစားရာ ရီးရဲဆိုစီဒက်နှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲဆိုစီဒက်နှင့် ရီးရဲမက်ဒရစ်

ပွဲရလဒ်များ မကောင်းသဖြင့် ဒေးဗစ်ဘက်ခမ်းကို ပြန်လည်ထည့် သွင်းကစားခဲ့ရသော နည်းပြ ကာပယ်လို၏ ရီးရဲမက်ဒရစ်အသင်းသည် ဂိုးသွင်းခွင့်အခွင့်အရေး အနည်းငယ်သာ ရရှိခဲ့သော်လည်း ဂိုးရအောင် သွင်းယူနိုင်ခဲ့သည်။

အလွတ်တည်ကန်ဘောမှတစ်ဆင့်

နစ္စတယ်ရွိုင်း၊ ရာအူးလ်၊ ရူတီ၊ ဘက်ခမ်း၊ အီမာဆင်နှင့် ဖာနန်ဒိုစသည့် နာမည်ကျော်များ လူစုံထုတ်ကစားခဲ့ရာ ရီးရဲမက်ဒရစ်တို့ ကစားကွက် အသာစီးမရခဲ့သော်လည်း ပွဲချိန်၃၇မိနစ်၌ ဒေးဗစ်ဘက်ခမ်းက အလွတ်တည်ကန်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုးသွင်း

ရီးရဲဆိုစီဒက်က အိမ်ကွင်း၌ အပေါ်စီးမှကစားခဲ့သည့် ပွဲချိန်ရှစ်မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူခြင်းခံရမှုကို ဒေးဗစ်ဘက်ခမ်းက ပြန်လည်ချေပဂိုးသွင်း ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၄၈မိနစ်တွင် နစ္စတယ်ရွိုင်းက တစ်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲဘက်တစ်နှင့် ဆီဗီလာ

ရီးရဲဘက်တစ်တို့ အိမ်ကွင်း၌ ဖိ ကစားနိုင်ခဲ့သော်လည်း ကံမကောင်းစွာဖြင့် အနိုင်မရရှိခဲ့ခြင်းဖြစ်သည်။ ရီးရဲဘက်တစ်သည် ဂိုးသွင်းခွင့် ၁၁ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။

ဂိုးမရှိသရေ

ထို့အပြင် ပွဲချိန်၁၂မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ရာ ယင်းပြစ်ဒဏ်ဘောကို တိုက်စစ်မှူး ပင်ဟိုရောဘတ်ကန်သွင်းသော်လည်း မဝင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်အိုးပင်းနှင့် လွဲရမည့် ကင်ကလစ္စတား။

ဘင်နီတက်ဇ်နှင့် ဖာဘရီဂတ်စ် လအလိုက်အကောင်းဆုံးဆုများရရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၁



ဇန်နဝါရီလအတွက် အကောင်းဆုံးဆုရရှိခဲ့ကြသော ဘင်နီတက်ဇ်(ဝဲ)**နှင့် ဖာဘရီဂတ်စ်**(ယာ)**တို့အား တွေ့ရစဉ်။**

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်နှင့် အာဆင်နယ်မှ ဖာဘရီဂတ်စ်တို့သည် ဇန်နဝါရီလအတွက် အကောင်းဆုံးနည်းပြနှင့် အကောင်းဆုံး ဘောလုံးသမားဆုကို အသီးသီး ရရှိခဲ့ကြသည်။

လီဗာပူးအသင်းသည် ဇန်နဝါရီလအတွင်း ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နှင့် အနိုင်ရပြီး တတိယနေရာသို့ ခုန်တက်လာခဲ့သည်။ ထိုသို့အောင်ပွဲရရှိရန် ဘင်နီတက်ဇ်၏ အကောင်းဆုံးဗျူဟာများက အထောက်အကူပြုခဲ့သည်။

ထို့အတူ အာဆင်နယ်အသင်း အောင်ပွဲများရရှိရန် အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၏ စွမ်းဆောင်မှုသည် အဓိကကျကြောင်း၊ ဘင်နီတက်ဇ်နှင့် ဖာဘရီဂတ်စ်တို့ နှစ်ဦးစလုံးအသင်းများအား ချန်ပီယံပြန်ဖြစ်အောင် စွမ်းဆောင်ပေးနိုင်ကြလိမ့်မည်ဖြစ်ကြောင်း လအလိုက် အကောင်းဆုံးဆု ချီးမြှင့်ပွဲ၌ ဆုရွေးချယ်ရေးအဖွဲ့မှ ဂျင်ဟိုင်နာက ပြောကြားသည်။

(အင်တာနက်)

ဒဏ်ရာကြောင့် ကင်ကလစ္စတား ပြင်သစ်အိုးပင်းနှင့်လွဲပြီ

ပါရီ ဖေဖော်ဝါရီ ၁၁

ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ပောင်း ဘယ်လ်ဂျီယံနိုင်ငံသူ ကင်ကလစ္စတားသည် လာမည့်မေလတွင် ကျင်းပမည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်မရှိတော့ကြောင်း သိရသည်။

ကင်ကလစ္စတားသည် တင်ပါးဒဏ်ရာရရှိခဲ့သဖြင့် အချိန်အတန်ကြာကပင် ဆေးကုသမှုခံယူရလျက်ရှိသည်။ ထို့အပြင် ကြွက်ခိုင်မှုလည်း မပြည့်ဝကြောင်း ယခုနှစ်ကုန်အထိ အနားယူကာ ဆေးကုသရမည်ဖြစ်ကြောင်း ကင်ကလစ္စတား၏ အေးဂျင့်က ပြောကြားသည်။

အသက်(၂၃)နှစ်အရွယ်သာရှိသေးသော ကင်ကလစ္စတားက မိမိအနေဖြင့် ရက်ရှည်အနားယူကာ ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပုံမှန်အနေအထားရောက်ရန် ပြန်လည်ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကင်ကလီစ္စတားစ်သည် ပြင်သစ်အိုးပင်းကို ပါဝင်မယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ဝင်ဘယ်ဒန်ပြိုင်ပွဲကိုမူ ပါဝင်ဆင်နွှဲရန် ဆုံးဖြတ်ထားသည်။

(အင်တာနက်)

ကျွန်တော်နှင့် အဖျက်သမားများ

ဖဒိုအောင်ဆန်း

KNU အမှတ်(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ဦးစီးသော အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးနေကြောင်း၊ မကြာမီ ငြိမ်းချမ်းရေးတည်ဆောက်ပြီး ငြိမ်းချမ်းရေးရယူကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးများကို ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတင်းများ ကြားခဲ့ရသည့် အချိန်ကစ၍ ဝမ်းသာကြည်နူးနေခဲ့မိပါသည်။ ၎င်းတို့ ကြံစည်ဆောင်ရွက်သည့်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်း ဆုတောင်းပေးနေမိခဲ့ပါသည်။ မူလကကြားသည့် သတင်းများအရတော့ ယခုကဲ့သို့ ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်ထွေးမောင်နှင့်အတူ ဗိုလ်ကျော်နီပါသည်ဟု ကြားခဲ့ရသော်လည်း နောက်ပိုင်းတွင် ဗိုလ်ကျော်နီကို သူတို့ဘက်က ရာထူးပေး၊ အခွင့်အရေးပေး စည်းရုံးသိမ်းသွင်းလိုက်သဖြင့် စိတ်ပြောင်းသွားကြောင်း ကြားသိရပါသည်။ မည်သို့ပင်ဆိုပါစေ၊ KNU တွင် အစဉ်အလာရှိခဲ့သည့် ဗိုလ်ချုပ်ထွေးမောင်နှင့်အဖွဲ့ ယခုကဲ့သို့ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခြင်းကို ဝမ်းသာဂုဏ်ယူမိသကဲ့သို့ ကျန်ခဲ့သည့်သူများကိုလည်း ပြောချင်တာလေးတွေကြောင့် ဒီဆောင်းပါးကို ရေးမိပါသည်။

KNU အဖွဲ့တွင် တိုက်စွမ်းရည်အကောင်းဆုံးနှင့် ကရင်ပြည်သူလူထု၏ ထောက်ခံမှုအရဆုံးပုဂ္ဂိုလ်ကတော့ ဗိုလ်ချုပ်မြပင်ဖြစ်သည်။ ဒုတိယပုဂ္ဂိုလ်ကတော့ KNU အမှတ်(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်ပင်ဖြစ်သည်။ သူတို့နှစ်ဦးစလုံးကိုကျွန်တော်ကြည်ညိုလေးစားပါသည်။ သူတို့နှစ်ဦးစလုံးက အမျိုးသားရေးတာဝန်ကို သစ္စာရှိရှိ

ဖြစ်နေတာကို တွေ့ရပါသည်။ တကယ်တော့ ကရင်ပြည်နယ်အတွင်းက ကရင်ပြည်သူလူထုတွေ လိုလားတောင့်တနေတာက ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် တခြားသော အေးချမ်းမှုဖြင့် ဖွံ့ဖြိုးနေသည့် တိုင်းရင်းသားများ နေထိုင်ရာ ဒေသများကဲ့သို့ မိမိတို့ ပြည်သူလူထုကလည်း အေးချမ်းသာယာစွာဖြင့် လုပ်ကိုင်စားသောက် နေထိုင်နိုင်ကြရန် ဖြစ်ပါသည်။ တိုင်းရင်းသား အချင်းချင်းဖြစ်ခဲ့သည့် တိုက်ပွဲများအကြားတွင် နှစ်ပေါင်း ၅၀ကျော်နေခဲ့သော ကရင်ပြည်သူလူထု အမှန်တကယ် လိုလားတာက ငြိမ်းချမ်းရေးသာဖြစ်ပါသည်။ မကြာမီ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိလာမည့် အခွင့်အလမ်းများကိုခံစားပြီး အေးချမ်းစွာ နေထိုင်ဖွံ့ဖြိုးလိုကြပါသည်။

ပဒိုမန်းရှာသည် ကရင်ပြည်သူလူထု အမှန်တကယ် လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို ဆန့်ကျင်ကျောခိုင်းထားသည်။ လုံးဝ အကောင်အထည်ဖော်လိုခြင်း မရှိပါ။ ဒါကလည်း ကရင်ပြည်သူလူထုအကျိုးထက် ၎င်း၏ ကိုယ်ကျိုးအတ္တအတွက် သူ့ကိုထောက်ပံ့ပေးနေသော ကိုလိုနီလက်သစ် ပြည်ပနိုင်ငံကြီးတချို့ရဲ့ အကြိုက်ကိုလိုက်ပြီး လုပ်နေရ၍ ဖြစ်ပါသည်။ ကရင်ပြည်သူလူထု အကျိုးကို ဗန်းပြပြီး ဖက်ဒရယ်မူနဲ့ ပြည်ထောင်စုက ခွဲထွက်ဖို့၊ ငြိမ်းချမ်းမှုမရှိဘဲ ပြည်သူလူထုဟာ တိုက်ပွဲတွေကြားမှာ ဒုက္ခပေါင်းစုံနဲ့နေကြရပြီး မငြိမ်မသက်ဖြစ်မှသာ လက်ရှိ တပ်မတော်အစိုးရအတွက် အခက်အခဲ အကျပ်အတည်း ဖြစ်စေရမယ်ဆိုတဲ့ ပြည်ပရဲ့သွေးထိုးတောတိုးဘဝကို ရောက်ကြမှာ သေချာပါသည်။ အစဉ်အလာကြီးမားပြီး ကရင်လူထုက ကြည်ညိုလေးစားသည့် ဗိုလ်ချုပ်ထွေးမောင်လိုပုဂ္ဂိုလ်ကို ပဒိုမန်းရှာက မဟုတ်မမှန်ဝေဖန်တာ ကျွန်တော် အနည်းငယ်မျှ သည်းခံလိုစိတ်မရှိပါ။ ဗိုလ်ချုပ်ထွေးမောင်အနေဖြင့် လက်ရှိ တပ်မတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အစီအစဉ်ကို အညံ့ခံ အရှုံးပေးသည်ဟု သူက စွပ်စွဲသည်။ KNU ၏ လမ်းစဉ်နှင့် ဆုံးဖြတ်ချက်များကို ဆန့်ကျင်စွန့်ခွာ ကျောခိုင်းသည်ဟု စွပ်စွဲသည်။ အမှန်တော့ ဗိုလ်ချုပ်ထွေးမောင် လုပ်ရပ်သည် KNU ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် လမ်းကြောင်းအတိုင်း သူတို့ကမလုပ်ကြလို့၊ မလုပ်နိုင်ကြလို့၊ မလုပ်ချင်ကြလို့ ဗိုလ်ချုပ်ထွေးမောင်က လုပ်လိုက်ရခြင်းသာ ဖြစ်ပါသည်။

မာနယ်ပလောကို သတိရပါသည်။ မာနယ်ပလောမှာ ကျွန်တော်ရှိစဉ် ပဒိုမန်းရှာ ယခုကဲ့သို့ ဝေဖန်ပြောဆိုပါက သူ့ဘဝဘယ်ရောက်မည်ကို သူအသိဆုံး ဖြစ်သည်။ နိုင်ငံရေးမှာ အတွေးမှား၊ အမြင်မှားနဲ့ လုပ်ရပ်မှားခဲ့ရင် အားလုံးဒုက္ခရောက်မှာသာ ဖြစ်သည်။ စိုင်ကော်လို ချုံပေါ်ရောက်နေတဲ့ ပဒိုမန်းရှာတစ်ယောက် အနေအထိုင်မတတ်ရင် သေတွင်းထဲကျပြီး ဘဝဆုံးမှာ သေချာပါသည်။

ကျွန်တော်ငြိမ်းချမ်းရေးပြန်ယူခဲ့တာ အခွင့်အရေးလိုချင်လို့ မဟုတ်ပါ။ ကိုယ်ကျိုးအခွင့်အရေး မတောင်းခဲ့ဖူးပါ။ ကိုယ်နေထိုင်ရာ အရပ်ဒေသတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးအောင်လုပ်မည်သာ

ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန် ပြည်နယ်အတွင်းက ပြည်သူလူထုတွေ လိုလားတောင့်တလျက်ရှိ

ကျေပွန်စွာ ထမ်းရွက်ကြပါသည်။ ကျွန်တော် အသိဆုံးပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်ထွေးမောင်ကြောင့် တပ်မဟာ(၇)က KNU တပ်မဟာများတွင် အင်အားအတောင့်တင်းဆုံးနှင့် တိုက်စွမ်းရည် အကောင်းဆုံးပင် ဖြစ်ပါသည်။ ဗိုလ်တုတု (သေဆုံး)နှင့် ဗိုလ်ကျော်နီဆိုတာ နောက်ပေါက်တွေ ဖြစ်ပါသည်။ ဗိုလ်ကျော်နီသည် ဗိုလ်ချုပ်ထွေးမောင်ကြောင့် စိန်နားကပ်အရောင်ဖြင့် ပါးပြောင်လာသူဖြစ်ပါသည်။ သိလိုပါက ကျွန်တော့်ကို လာမေးကြပါ။ သူ့အကြောင်းကို ကျွန်တော် အတွင်းသိ အစင်းသိ အကုန်သိပါသည်။ အမျိုးသားညီလာခံကိုယ်စားလှယ် တစ်ဦးအနေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များအရ ယခု မရေးသေးပါ။ အမျိုးသားညီလာခံကြီးပြီးစီးပါက KNU မှာသစ္စာမရှိသည့် ဗိုလ်ကျော်နီလို လူများအကြောင်းကို ခရေစေ့တွင်းကျ ရေးသားဖော်ထုတ်ပါမည်။ ဗိုလ်ကျော်နီဟာ တစ်နေ့ကျရင် ဆရာအာခံ အာခေါင်လုံ့စူးဆိုသည့် ဘဝသို့ရောက်မှာ သေချာပါသည်။

ပဒိုမန်းရှာကတော့ ကိုယ့်ဘဝကိုယ်မသိသည့် လူဖြစ်ပါသည်။ ခြေနှစ်ချောင်း မသနားကောင်းသည့် လူစားမျိုးတွင်ပါဝင်သူလည်း ဖြစ်ပါသည်။ ၎င်းသည် ကရင်ကွန်မြူနစ်ဆိုသည့် လူတန်းစားပျက်ထဲမှ တစ်ယောက်ဖြစ်ပါသည်။ တစ်ခါတုန်းက ကျွန်တော်တို့ အစည်းအဝေး တစ်ခုမှာ KNU ခေါင်းဆောင် ဗိုလ်ချုပ်များက မန်းဘဇံဆိုတာ ကွန်မြူနစ်ဖြစ်ကြောင်း၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသည်ဟု ပြောကြသည်ကို မန်းဘဇံက ဘာမျှပြန်ရှင်းမပြတတ်တော့ပါ။ KNUP ဆိုတာ ကရင်ကွန်မြူနစ်ပါတီဖြစ်ပါသည်။ ပဒိုမန်းရှာသည်လည်း ကွန်မြူနစ်ပင်ဖြစ်ပါသည်။ သို့သော်လည်း ၎င်းသည် ကွန်မြူနစ်မဟုတ်ယောင်ဆောင်နေပါသည်။ သိုးငယ်သရေခြုံထားသော ကောက်ကျစ်စဉ်းလဲသည့် မြေခွေးသာဖြစ်ပါသည်။ သူ့ကိုယ်သူ သူတော်ကောင်းယောင်ဆောင်ပြီး ကရင်လူထုအတွက်လို့ အသံကောင်းဟစ်နေတာတွေကို သူ့အကြောင်းမသိသူများနှင့် အဖျက်သမားများသာ ယုံကြည်ကြပါမည်။

ပဒိုမန်းရှာ ဟစ်ကြွေး တောင်းဆိုနေတာတွေ၊ လုပ်နေတာတွေသည် ယနေ့ ကရင်ပြည်သူလူထု၏ အမှန်တကယ်လိုလားချက်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေပါသည်။ လွတ်လပ်ရေးရပြီးကတည်းကစခဲ့တဲ့ သောင်းကျန်းမှုကြောင့် မိမိတို့ ကရင်ပြည်နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့တာတွေ၊ ပြည်သူလူထုအများစုဟာ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ခဲ့ရတာတွေ၊ အဲဒီလို ပြည်နယ်တည်ငြိမ်အေးချမ်းမှုမရှိလို့ အခြားသော တိုင်းရင်းသားများ နေထိုင်ရာဒေသများမှာလို ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နောက်ကျနေးကွေးခဲ့ရတာတွေကို ပဒိုမန်းရှာတစ်ယောက် မှန်မှန်ကန်ကန် တွေးခေါ်သိမြင်သင့်ပါသည်။ ခုတော့ ဒီလိုမဟုတ်ဘဲ ပြည်နယ်ကို ခွဲထွက်ပြီး ဖက်ဒရယ်မူနဲ့ထူထောင်ဖို့၊ ပြည်ထောင်စု ပြိုကွဲစေနိုင်တဲ့ တောင်းဆိုမှုတွေနဲ့ လက်နက်အားကိုးနဲ့သာ ခရီးဆက်ဖို့ ဦးတည်ဆောင်ရွက်ဆဲ

လှုံ့ဆော်မှုကို ယုံကြည်ပြီး ဆင်ကန်းတောတိုး လုပ်နေခြင်းသာဖြစ်ပါသည်။

တစ်ခါက ကချင်ပြည်နယ်ကို KNU မှ စည်းရုံးရေးလွှတ်ရာတွင် ပဒိုမန်းရှာ ပါသွားပါသည်။ ဗကပနှင့် မတွေ့ရဟု ညွှန်ကြားလိုက်သည်ကို မလိုက်နာဘဲ လမ်းခရီးတွင် ဗကပနှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထို့ကြောင့် KNU ဗဟိုဌာနချုပ် မာနယ်ပလောကို ပြန်ရောက်တော့ သူ့ကို အရန်ဗဟိုကော်မတီဝင်အဖြစ်မှ ဖြုတ်ပစ်လိုက်ရပါသည်။ KNU ရဲ့ လုပ်နည်းလုပ်ဟန်တွေမှားပြီး ဒီနေ့ထိ ကိုင်စွဲနေတဲ့ လက်နက်ကိုင် သောင်းကျန်းမှုများဟာ ပဒိုမန်းရှာကဲ့သို့သော ကရင်ကွန်မြူနစ်များကြောင့် ဖြစ်ပါသည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် ကရင်ကွန်မြူနစ်များကတော့ ကရင်ပြည်နယ်နဲ့ ကရင်အမျိုးသားအားလုံး ပျက်စီးမည်ဖြစ်သည့်တိုင် အရေးစိုက်ကြမည် မဟုတ်ပါ။ မိုက်တွင်းနက်နေကြဦးမည်သာ ဖြစ်ပါသည်။

ပဒိုမန်းရှာ၊ ဗိုလ်ကျော်နီလို သစ္စာမရှိ၊ ကျဉ်းမြောင်းသော အမျိုးသားရေး အမြင်သာရှိသည့် လူများမှာ မကြာမီ ဆင်ကန်း

ဖြစ်သည်။ နိုင်ငံတော်ကလည်း အစစအရာရာ ကူညီပံ့ပိုးသည်။ ယခင် မငြိမ်းချမ်းသည့်အချိန်က ဘုရားကုန်းဒေသ အနီးအနား တစ်ဝိုက်တွင် တဲစုတ် အိမ်စုတ်များသာရှိခဲ့သည်။ ယခုတော့ နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်၊ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ်များဖြင့် ပြည်သူလူထုမှာလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကအစ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာနေပြီဖြစ်သည်။ မယုံလျှင် လာကြည့်ပါ။ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးအောင်မြင်သော ဒေသဖြစ်နေပြီဖြစ်သည်။ ရပ်သူရွာသားများကတော့ ငြိမ်းချမ်းရေး၏ အေးမြသောအရသာကို ခံစား၊ စံစားနေကြရပြီဖြစ်ပါသည်။ ကျေနပ် ပျော်ရွှင်နေကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် တလွဲဆံပင်ကောင်းပြီး အမေကျော် ဒွေးတော်လွမ်းကာ ကရင်ပြည်နယ် ပြည်သူလူထုကို ဒုက္ခတွင်းထဲက မထွက်နိုင်အောင် ဆက်လက် မိုက်တွင်းနက်နေကြသည့် ပဒိုမန်းရှာနှင့် ကျော်နီတို့ ကဲ့သို့သော လူတစ်စုတွေ အမှန်အတိုင်းသိဖို့၊ မြင်ဖို့၊ တွေးတော လုပ်ကိုင်တတ်ဖို့ လိုနေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ကျွန်တော်ငြိမ်းချမ်းရေးပြန်ယူခဲ့တာ အခွင့်အရေးလိုချင်လို့ မဟုတ်ပါ။ ကိုယ်ကျိုးအခွင့်အရေး မတောင်းခဲ့ဖူးပါ။ ကိုယ်နေထိုင်ရာ အရပ်ဒေသတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးအောင်လုပ်မည်သာဖြစ်သည်။ နိုင်ငံတော်ကလည်း အစစအရာရာကူညီပံ့ပိုးသည်။ ယခင် မငြိမ်းချမ်းသည့်အချိန်က ဘုရားကုန်းဒေသ အနီးအနားတစ်ဝိုက်တွင် တဲစုတ်အိမ်စုတ်များသာ ရှိခဲ့သည်။ ယခုတော့ နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်၊ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ်များဖြင့် ပြည်သူလူထုမှာလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကအစ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာနေပြီဖြစ်သည်။ မယုံလျှင်လာကြည့်ပါ။ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးအောင်မြင်သော ဒေသဖြစ်နေပြီဖြစ်သည်။ ရပ်သူရွာသားများကတော့ ငြိမ်းချမ်းရေး၏ အေးမြသောအရသာကို ခံစား၊ စံစားနေကြရပြီဖြစ်ပါသည်။ ကျေနပ် ပျော်ရွှင်နေကြပြီ။

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ် စိတ်ရင်းစေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်လိုလျှင် လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုနေ

လှိုက်လှဲဝမ်းသာစွာကြိုဆိုပြီး စေတနာအပြည့်နှင့်ဖြည့်ဆည်းကူညီသည့် တပ်မတော်အစိုးရနှင့်ပြည်သူလူထုကိုကျေးဇူးတင်

ငြိမ်းချမ်းရေး ထာဝရတည်ဆောက်ကာ နိုင်ငံတော်နှင့်ပြည်သူအကျိုးကို သယ်ပိုးသွားမည်

● ကျောဖုံးမှ

ဒေသခံ ကရင်လူထုရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုတွေကို တည်ဆောက်နိုင်မှာ မဟုတ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်မိပါတယ်။

ဦးတည်ဆောင်ရွက်

ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို စစ်တိုက်ဖူးသူများနဲ့ စစ်ဘေးစစ်ဒဏ် ခံရဖူးသူများသာ အသိဆုံး ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကရင်အမျိုးသားရေးလှုပ်ရှားမှုအပေါ် သမိုင်းကြောင်းနဲ့ယှဉ်ပြီး သစ္စာရှိခဲ့သူတစ်ဦးဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း တောင့်တနေတဲ့ ကရင်လူထုရဲ့ ဆန္ဒကို အလေးထားခဲ့ပါတယ်။ ဒါ့ကြောင့်လဲ မဲဆောက်မြို့ပေါ်မှာနေပြီး နေတစ်ပြောက် အထိုးမခံ၊ ချွေးတစ်စက် အစိုမခံဘဲ KNU ရဲ့ အရှိန်အဝါကို အချောင်နှိုက် မောင်ပိုင်စီးနေသူတွေ၊ အစဉ်အလာကြီးမားတဲ့ KNLA ကို လက်ကိုင်တုတ် လုပ်ပြီး ဒုက္ခပင်လယ်ဝေနေရတဲ့ ဒေသခံလူထုရဲ့ ဆုံးရှုံးနစ်နာမှုတွေအပေါ်က အမြတ်ထုတ်နိုင်ငံရေးလုပ်စားသူတွေကို ထုတ်ပယ်ဖျက်သိမ်းပြီး လက်နက်ကိုင် တိုက်ပွဲတွေကင်းစင်တဲ့ ငြိမ်းချမ်းရေး အခြေခံဒေသတွေကို တည်ဆောက်ဖို့ ငြိမ်းချမ်းရေးရယူခဲ့ခြင်း ဖြစ်ပါတယ်။ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကို ဖယ်ရှားပြီး ဒေသခံလူထုအမှန်တကယ်တွေ့ကြုံခံစားနေရတဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ ဆိုးကျိုးတွေ ပပျောက်ချုပ်ငြိမ်းအောင် ထာဝရ ဦးတည်ဆောက်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဂုဏ်ယူ

တကယ်ဆိုရင် ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးနဲ့ လက်တစ်ကမ်း အလိုအထိ မကြာခဏ ရောက်ခဲ့ကြပါတယ်။ သို့သော်လဲ ပြည်ပအဖွဲ့အစည်းတွေရဲ့ ဩဇာခံ၊ သံယောင်လိုက်တဲ့ နောက်မြီးဆွဲတွေက ကရင်အမျိုးသားရေးနဲ့ တိုက်ရိုက် ပတ်သက်မှုမရှိတဲ့ တောင်းဆိုချက်တွေကို ပြည်ပအလိုကျ ရှေ့တန်းတင်တာကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရပါတယ်။ ဒါကြောင့်လဲ ကရင်ပြည်နယ်နဲ့ ဒေသခံ ကရင်တိုင်းရင်းသားတွေဟာ စစ်ရဲ့ ဓားစာခံတွေအဖြစ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးပေါင်း မြောက်မြားစွာကို လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။ စစ်ရဲ့ ဆိုးကျိုးတွေကို ခါးစည်းခံနေကြရတာ ၅၈ နှစ်ကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ယခုလို ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် ငြိမ်းချမ်းရေးကောင်စီက စေတနာနဲ့ လုပ်ရပ်မှန်ကန်တဲ့ တပ်မတော်အစိုးရနဲ့ လက်တွဲလိုက်ခြင်းဟာ ကရင်အမျိုးသားအစည်းအရုံးနဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ရဲ့သမိုင်းကြောင်းကို နိုင်ငံတော်ရဲ့ သမိုင်းရေးလိုအပ်ချက်နဲ့ ပေါင်းစပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ လက်တွေ့ကျတဲ့ ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်ဟာ ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး မျှော်မှန်းခဲ့တဲ့ ကရင်အမျိုးသားရေး မျှော်မှန်းချက်မှုများနဲ့ ဗိုလ်ချုပ်ကြီး စောဘိုမြက အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်အထည်ဖော်လိုက်နိုင်တဲ့အတွက် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

လက်ကမ်းကြို

ကျွန်တော်ဟာ ကရင်တော်လှန်ရေး ကာလတစ်လျှောက် စစ်မျက်မှာ အသီးသီးမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ ဒုက္ခခံခဲ့ပါတယ်။ တိုက်ပွဲကြီးပေါင်းများစွာမှာလဲ အသက်ကိုပဓာနမထားဘဲ သေဖော်ရှင်ဖက် ရဲဘော်များနဲ့အတူ တိုက်ပွဲဝင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းအမျိုးမျိုးနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်များကို ပြောကြားလိုတာကတော့ ကရင်လူထုကို ဒုက္ခထပ်မပေးကြတော့ဖို့၊ ရဲဘော်တို့လဲ လူတစ်စုအတွက် မိုက်တွင်းမနက်ကြဖို့နဲ့ တကယ်လို့ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသခံလူထုရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေအပေါ် စိတ်ရင်းစေတနာ မှန်မှန် ပူးပေါင်း ဆောင်ရွက်လိုတယ် ဆိုရင် ဖထီးက လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုနေကြောင်းပဲ ဖြစ်ပါတယ်။

ကျေးဇူးတင်

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ကို လှိုက်လှဲဝမ်းသာစွာကြိုဆိုပြီး စေတနာအပြည့်နဲ့ ဖြည့်ဆည်းကူညီကြတဲ့ တပ်မတော်အစိုးရနဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါကြောင်းနဲ့ ငြိမ်းချမ်းရေးထာဝရ တည်ဆောက်ကာ နိုင်ငံတော်နဲ့ပြည်သူအကျိုးကို သယ်ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ရှင်းလင်းပြောကြားသည့်

ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့သည့် ရည်ရွယ်ချက်များ

- ❒ တကယ်ဆိုလျှင် မိမိတို့သည် ငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအလိုအထိ မကြာခဏရောက်ရှိခဲ့။
- ❒ သို့ရာတွင် ပြည်ပအဖွဲ့အစည်းများ၏ဩဇာခံ၊ သံယောင်လိုက်၊ နောက်မြီးဆွဲများက ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် တောင်းဆိုချက်များကို ပြည်ပအလိုကျ ရှေ့တန်းတင်ခဲ့သောကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရ။
- ❒ ထို့ကြောင့်ပင် ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားများသည် စစ်၏ဓားစာခံများအဖြစ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးပေါင်း မြောက်မြားစွာကို လက်လွတ်ဆုံးရှုံးခဲ့ပြီး စစ်၏ဆိုးကျိုးများကို ခါးစည်းခံနေကြရသည်မှာ (၅၈)နှစ်ကျော် ကြာခဲ့ပြီဖြစ်။
- ❒ ယခုကဲ့သို့ ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီက စေတနာနှင့်လုပ်ရပ်မှန်ကန်သည့် တပ်မတော်အစိုးရနှင့် လက်တွဲလိုက်ခြင်းသည် KNUနှင့် KNLAတို့၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းပင်ဖြစ်။
- ❒ လက်တွေ့ကျသည့် ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းလည်းဖြစ်။
- ❒ ယင်းဆောင်ရွက်ချက်သည် ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီးမျှော်မှန်းခဲ့သည့် ကရင်အမျိုးသားရေးမျှော်မှန်းချက်မှုများနှင့် ဗိုလ်ချုပ်ကြီးစောဘိုမြ အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူ။
- ❒ အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့်ရဲဘော်များအား ကရင်လူထုကို ဒုက္ခထပ်မပေးကြတော့ဖို့၊ လူတစ်စုအတွက် မိုက်တွင်းမနက်ကြဖို့ ပြောကြားလို။
- ❒ ကရင်ပြည်နယ်ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်လိုပါက လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ။

ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်

ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်အား ဖဒိုအောင်ဆန်းက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီး

ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ပစ္စည်း

ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေး ကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်နှင့် တပ်ဖွဲ့ဝင်များအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်ကိုယူချိန်ကစပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခဲ့ တပ်မတော်၏ မှန်ကန်သည့် စေတနာ၊ ဖြူစင်သည့် သဘောထားကို သိမြင်ခဲ့ကြသော ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးကို အသီးသီးရယူခဲ့ကြ

တပ်မတော်နှင့်လက်တွဲဆောင်ရွက်ခဲ့ကြသော အထူးဒေသအသီးသီးသည် နေ့ချင်းညချင်းအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာ

ပြည်တွင်းပြည်ပ ပယောဂနှင့် အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားက ငြိမ်းချမ်းရေးရယူခဲ့တာကို တပ်မတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာကြိုဆို

သွေးရင်းသားရင်းညီရင်းအစ်ကိုများဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနှင့်မိသားစုများအတွက်ပါ တပ်မတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ယနေ့အခမ်းအနားကိုတက်ရောက်လာကြသော ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင်နှင့် KNLA မှ ရဲဘော်ရဲဘက် ညီရင်း အစ်ကိုများအားလုံး ယခုလို မင်္ဂလာအပေါင်းခညောင်းတဲ့ ငြိမ်းချမ်းရေး အောင်ပွဲနေ့မှာ ချမ်းမြေ့ရွှင်လန်းကြပါစေကြောင်း မေတ္တာပို့ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားတွေဟာ ရှေးပဝေသဏီကပင် နေရာတိုင်း၊ ဒေသတိုင်းမှာ အေးချမ်းစွာ အတူတကွနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေဟာ သူ့ကျွန်ဘဝမှာသွေးခွဲအုပ်ချုပ်ခြင်း ခံခဲ့ကြရတာကြောင့် နိုင်ငံတော်အတွင်းမှာ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင် ဆန့်ကျင်မှုအများအပြား ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါကြောင့်လဲ နိုင်ငံတော်ဟာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပါတယ်။ နိုင်ငံတော်ရဲ့ ရှည်လျားလှတဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှု ကောင်းမွန်ချိန်မှာ နိုင်ငံတော်ဟာ အင်အား တောင့်တင်းခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲချိန်မှာ နိုင်ငံတော်ဟာ အင်အားချည့်နဲ့တာကြောင့် တိုင်းရင်းသားတွေ ညှိုးငယ်ခဲ့ရတာ အထင်အရှား တွေ့ရပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရက နိုင်ငံတော်ရဲ့တာဝန်ကို ယူချိန်ကစပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခဲ့ပါတယ်၊ ဒါ့အပြင် ဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ဖော်ဆောင်ရာမှာလဲ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုတဲ့ အချက်ကို နိုင်ငံရေးဦးတည်ချက်အနေနဲ့ ထိပ်ဆုံးက ချမှတ်ခဲ့ပါတယ်။

မှန်ကန်တဲ့စေတနာ

နိုင်ငံတော် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးဖို့အတွက် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်။ တပ်မတော်ရဲ့ မှန်ကန်တဲ့စေတနာ၊ ဖြူစင်တဲ့ သဘောထားကို သိမြင်ခဲ့ကြတဲ့ ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြားဟာ ငြိမ်းချမ်းရေးကို အသီးသီး ရယူခဲ့ကြပါတယ်။

နှုတ်ခွန်းဆက်စကား ပြောကြား

အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း ကြိုဆို နှုတ်ခွန်းဆက် စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆွေးနွေးညှိနှိုင်း

တပ်မတော်သားတွေဟာ နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေးအတွက် လျှိုမြောင် တောတောင် အထပ်ထပ်ကို ရောက်ဖူးခဲ့တာကြောင့် ငြိမ်းချမ်းမှုမရှိတဲ့အတွက် အဘက်ဘက်က ချို့တဲ့နေကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ဘဝကို ကိုယ်တွေ့မျက်မြင်သိရှိပြီး ကိုယ်ချင်းစာတရားကြီးမားခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်ကို တပ်မတော်က ယူစဉ်အခိုက်မှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေကို အစွမ်းကုန် မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြတဲ့ အဖွဲ့အစည်းတွေရဲ့ ဒေသတွေမှာသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ အခြားပြည်နယ်အသီးသီးက ငြိမ်းချမ်းရေး ရယူခဲ့တဲ့အဖွဲ့အစည်းတွေကိုအထူးဒေသတွေအဖြစ် သတ်မှတ်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တပ်မတော်နဲ့ လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ အထူးဒေသအသီးသီးဟာ နေ့ချင်းညချင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းရေး ရယူလာသူတွေရဲ့ မိသားစုဝင်တွေ အပါအဝင် ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေဟာ သိသိသာသာ တိုးတက်လာတဲ့ နည်းတူ စိုက်ပျိုးရေးနဲ့ မွေးမြူရေးစတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း တောင့်တင်းခိုင်မာလာခဲ့ကြပါတယ်။ ဒါကြောင့် ဒေသခံပြည်သူအားလုံးဟာ ချမ်းမြေ့ကြည်နူးပျော်ရွှင်စွာနဲ့ ငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားနေကြရပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးရယူပြီးခဲ့တဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်များဟာလည်း အမျိုးသားညီလာခံကြီးမှာ တက်ရောက်ပြီး ပြည်ထောင်စုကြီးရဲ့ အနာဂတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် ဆွေးနွေးညှိနှိုင်း တိုင်ပင်လျက် ရှိကြပါတယ်။

ဒါကြောင့် တပ်မတော်ဟာ ငြိမ်းချမ်းရေးရယူနိုင်ခြင်း မရှိသေးတဲ့ အဖွဲ့အစည်းအားလုံးကို ဆက်လက်ပြီး လက်ကမ်းကြိုဆိုခဲ့ပါတယ်။

ယခုလို ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနဲ့မိသားစုများဟာ ပြည်တွင်းပြည်ပ ပယောဂနဲ့ အနှောင့်အယှက်အဖျက်အဆီး အမျိုးမျိုးကြားက ငြိမ်းချမ်းရေးကို မြတ်နိုးတောင့်တနေတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ဆန္ဒနဲ့အညီ ငြိမ်းချမ်းရေးရယူခဲ့တာကို တပ်မတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာကြိုဆိုပါကြောင်းနဲ့ ဗိုလ်ချုပ်ဌေးမောင်နဲ့ တပ်ဖွဲ့ဝင်များဟာ ဂုဏ်ယူထိုက်တဲ့ လုပ်ငန်းတစ်ရပ်ကို ဖော်ဆောင်နိုင်တဲ့အတွက်လည်း လေးစားပါကြောင်း ပြောကြားလိုပါတယ်။

အလေးအနက်ကတိပြု

ယနေ့ဆိုရင် ဗိုလ်ချုပ်ဌေးမောင် ဦးစီးတဲ့ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အင်အားတစ်ရပ်၊ ဒေသခံပြည်သူလူထုက အားကိုးလောက်တဲ့ အင်အားတစ်ရပ်ဖြစ်လို့လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်နဲ့လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြပါစို့လို့ပြောကြားလိုပါတယ်။ မိမိတို့ဟာ သွေးရင်းသားရင်း ညီရင်းအစ်ကိုများဖြစ်တာနဲ့အညီ ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနဲ့ မိသားစုများအတွက်ပါ တပ်မတော်အစိုးရနဲ့ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း အလေးအနက် ကတိပြုပြောကြားလိုပါတယ်။

ဒါ့အပြင် ငြိမ်းချမ်းရေးရယူဖို့ ကျန်နေသေးတဲ့ တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်းကြိုဆိုဖိတ်ခေါ်လျက် ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

■ ကျောဖုံးမှ

ဒီနေ့ကစပြီး ကျွန်တော်တို့ နယ်မြေမှာ ရွာပုန်း၊ရွာရှောင်ဆိုလို့ မရှိတော့ပါဘူး၊ ဒုက္ခသည်ဆိုတာလဲမရှိတော့ပါဘူး၊ ကရင်ပြည်နယ်သားများ အားလုံး လွတ်လပ်စွာ နေထိုင်နိုင်ကြပါတယ်။ ငြိမ်းချမ်းရေး ရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါတယ်။ ။

❒ **ငြိမ်းချမ်းရေးရယူပြီးခဲ့တဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်များဟာလည်း အမျိုးသားညီလာခံကြီးမှာ တက်ရောက်ပြီး ပြည်ထောင်စုကြီးရဲ့ အနာဂတ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြ။**

❒ **ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်တဲ့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနဲ့ မိသားစုများဟာ ပြည်တွင်းပြည်ပ ပယောဂနဲ့ အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားက ငြိမ်းချမ်းရေးကို မြတ်နိုးတောင့်တနေတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ ဆန္ဒနဲ့အညီ ငြိမ်းချမ်းရေးရယူခဲ့တာကို တပ်မတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာကြိုဆို။**

ငြိမ်းချမ်းရေးအောင်ပွဲ တက်ရောက်ကြသူများ

ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဒေသခံကရင်လူထု၏ ပကတိလိုအပ်ချက်သည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဖြစ် ကရင်ပြည်နယ်အတွင်းမှာပင် ငြိမ်းချမ်းသည့်ဒေသနှင့် မငြိမ်းချမ်းသည့်ဒေသတို့၏ ဖွံ့ဖြိုးမှုချင်း ကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရ

ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များလည်း ငြိမ်းချမ်းရေးရယူ အမြန်တည်ဆောက်ကြစေလို

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူသည့်စကား ပြောကြားသည်။

အဆိုပါ ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများခင်ဗျား-

ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ ကရင်အမျိုးသားနေ့နဲ့ တိုက်ဆိုင်စွာ ကရင်အမျိုးသား အစည်းအရုံး၊ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် ငြိမ်းချမ်းရေးကောင်စီက ကြီးမှူးပြီး ငြိမ်းချမ်းရေးအောင်ပွဲကြီးကို ယခုလို ကျင်းပနိုင်ခြင်းအတွက် ဖော်မပြတတ်လောက်အောင် ဝမ်းမြောက်လှပါကြောင်း တောင်ပေါ်မြေပြန့် ကရင်တိုင်းရင်းသားအားလုံးရဲ့ ကိုယ်စားရှေးဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား စောဒယ်နီရယ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်မှာ တိုက်ပွဲသံတွေ ဆူညံခဲ့တာဟာဆိုရင် ကျွန်တော့်အသက်နဲ့အမျှပဲဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံ ကရင်လူထုရဲ့ ပကတိလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေဟာ အလွန်ရိုးသားဖြောင့်မတ်ကြသူများဖြစ်ပါတယ်။ ဒါကြောင့်လဲ ပြည်ပ ပယောဂတွေကို လွယ်လွယ်နဲ့ ယုံကြည်မိခဲ့ကြတာဖြစ်ပါတယ်။ ပြည်ပ ပယောဂရဲ့ ကနဦး သက်သေခံကတော့ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့က ဒီဒေသမှာဖြစ်ပွားတဲ့ တိုက်ပွဲအတွင်း နိုင်ငံတော်လုပ်ကြံမှုအတွက် ဂျူနီယာ ဦးစောကို လက်နက်များထုတ်ပေးခဲ့တဲ့ ကပ္ပတိန် ဗီဗီယန်ကို တပ်မတော်က အသေ ရမိသွားခြင်း ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာလဲ ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပက ပုဂ္ဂိုလ်တွေ လာဖျက်လို့ အကြိမ်ကြိမ် ပျက်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသမှာ ငြိမ်းချမ်းရေးဟာ မျှော်တိုင်း ဝေးခဲ့ရပါတယ်။ ဒီတစ်သက်တော့ ရနိုင်ပါတော့မလားလို့တောင်ထင်ပြီး စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားခဲ့ကြရပါတယ်။

နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်အစိုးရကယူပြီးနောက် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြတဲ့ ဒေသတွေမှာ မြန်ဆန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြားရ မြင်ရတော့ ကျွန်တော်တို့ ကရင်ပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကရင်ပြည်နယ်အတွင်းမှာပင်လျှင် ငြိမ်းချမ်းတဲ့ဒေသနဲ့ မငြိမ်းချမ်းတဲ့ဒေသတို့ရဲ့ ဖွံ့ဖြိုးမှုချင်း ကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရလို့ပဲ ဖြစ်ပါတယ်။

တပ်မတော်အစိုးရဟာ သံလွင်တံတား(ဘားအံ)နဲ့ လမ်းတံတားတွေ၊ တက္ကသိုလ်ကြီးတွေ၊ ဆေးရုံကြီးတွေကို ကရင်ပြည်နယ်အတွင်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ်အတွက်ပါ အကျိုးပြုတဲ့ သံလွင်တံတား (မော်လမြိုင်) ကိုလည်း အံ့မခန်းအောင် တည်ဆောက်ပေးခဲ့ပါတယ်။ ဒီအကျိုးကျေးဇူးတွေကို ငြိမ်းချမ်းတဲ့ မြို့ရွာတွေက လူထုသာ ခံစားခဲ့ရပါတယ်။

ဒါ့အပြင် လက်နက်ကိုင်ကရင်တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုဝင်တွေဟာလဲ ဒုက္ခသည်စခန်းတွေမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေထိုင်ကြရကြောင်း ကြားသိရလို့လဲ ကိုယ်ချင်းစာမိပါတယ်။

ယနေ့ဆိုရင်တော့ ဗိုလ်ချုပ် ဌေးမောင် ခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးကောင်စီဟာ ငြိမ်းချမ်းရေး မီးရှူးတိုင်ကြီးကို စတင် ထွန်းညှိလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ငြိမ်းချမ်းရေးကောင်စီရဲ့ ဆောင်ရွက်ချက်ကို ဝမ်းသာဂုဏ်ယူပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါကြောင်းနဲ့ ကျန်နေသေးတဲ့ ကရင် လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေကိုလဲ ငြိမ်းချမ်းရေးရယူ အမြန် တည်ဆောက်ကြပါလို့ ဒေသခံ ကရင်လူထုကိုယ်စား ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

- ❒ ကရင်ပြည်နယ်မှာ တိုက်ပွဲသံတွေ ဆူညံခဲ့တာဟာဆိုရင် ကျွန်တော့် အသက်နဲ့အမျှပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံ ကရင်လူထုရဲ့ ပကတိလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးပဲ ဖြစ်ပါတယ်။
- ❒ ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပက ပုဂ္ဂိုလ်တွေ လာဖျက်လို့ အကြိမ်ကြိမ် ပျက်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသမှာ ငြိမ်းချမ်းရေးဟာ မျှော်တိုင်း ဝေးခဲ့ရပါတယ်။
- ❒ ကရင်ပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကရင်ပြည်နယ် အတွင်းမှာပင်လျှင်ငြိမ်းချမ်းတဲ့ဒေသနဲ့ မငြိမ်းချမ်းတဲ့ ဒေသတို့ရဲ့ ဖွံ့ဖြိုးမှုချင်း ကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရလို့ပဲ ဖြစ်ပါတယ်။

ဝမ်းမြောက် ဂုဏ်ယူ

ဒေသခံတိုင်းရင်းသား ပြည်သူများ ကိုယ်စား ဦးစောဒယ်နီရယ် ဝမ်းမြောက် ဂုဏ်ယူသည့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားတွင် တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

အဆိုပါ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော KNU/KNLA ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်း အင်အား ၃၂၀ နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြားသော ငြိမ်းချမ်းရေးရယူခဲ့ကြပြီးဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၇၅၀၀ ကျော် တက်ရောက်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့် ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နွေးထွေးစွာကြိုဆို

ရှေးဦးစွာ ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦးတို့အား ဒေသခံ တိုင်းရင်းသားပြည်သူများက ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် ပန်းကုံးများစွပ်၍လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများ ပေးအပ်၍ လည်းကောင်း၊ ကရင်ဒုံးယိမ်းများ တပျော်တပါးကခုန်၍လည်းကောင်း နွေးထွေးပျူငှာ ပျော်ရွှင်စွာကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ငြိမ်းချမ်းရေးအောင်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်က ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

[ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA)ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးက ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

[ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီး စောထော့လေး၏ ရှင်းလင်းပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။]

ယင်းနောက် ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူသည့်စကား ပြောကြားသည်။

(ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကရင်အမျိုးသားအစည်းအရုံး(KNU) / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

(အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်က ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကရင်အမျိုးသား အစည်းအရုံး (KNU) / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် တက်ရောက်လာသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး(KNU) / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံ တိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ငြိမ်းချမ်းရေးအောင်ပွဲ အခမ်းအနားအပြီးတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တက်ရောက်လာသူများက နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်က ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ယနေ့အခမ်းအနားတွင် ထောက်ပံ့ပေးအပ်သောပစ္စည်းများမှာ လယ်ယာ(၁၆) ထွန်စက်ငါးစီး၊ ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်ငါးလုံး၊ VCD တစ်လုံး၊ သွပ်အချပ် ၃၀၀၀၀၊ သစ်ခွဲသား ၁၃၂ တန်၊ ရော်ဘာစိုက်ခင်းဧက ၁၀၀၊ အဝတ်အထည်နှင့် ပိတ်စမျိုးစုံ၊ မျက်နှာသုတ်ပဝါ၊ စောင်နှင့် ခြင်ထောင်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံး ပစ္စည်းမျိုးစုံတို့ဖြစ်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ အမှတ်တရ ရိုက်ကူးကြသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈း၀၀	၂။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၃။	International News
၈း၄၅	၄။	Grammar Made Easy
၉း၀၀	၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၁၆း၄၅	၄။	အကပဒေသာ
၁၇း၀၀	၅။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၂၅	၈။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၃၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၄၅	၁၀။	**"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်"** ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင်(ရှမ်းပြည်သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ-တင်အောင်ရွှေ) (သုတေသီ)
၁၇း၅၀	၁၁။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၁၂။	ညနေခင်းသတင်း
၁၈း၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၄။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"တောတွင်းသား ငယ်လေး"** (အပိုင်း-၅၀)
၁၈း၅၀	၁၅။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉း၀၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁၅)
၁၉း၅၀	၁၇။	ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂၃)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ကြည်နူးနားဆင် ပြုံးပျော်ရွှင်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၁၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၆)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယလက်ရည်စစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက တောင်ကြီးမြို့ အေးသာယာ ဂေါက်ကွင်း၌ကျင်းပရာ ကံချွန်က ၆၉ ချက်ဖြင့် ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက် ရှိသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားပြိုင်ပွဲတွင် Amateur Golfers များသည် တီခုံ(၁)(Tee Ist)၌ နေရာယူကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စတင်ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးနှင့် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးတို့ကလည်း အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဆက်လက်ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Amateur Golfers ပြိုင်ပွဲတွင် ကံချွန်က Nett Total ၆၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဟန်ဝင်းအောင်နှင့် မျိုးသိန်းစံတို့က Nett Total ၇၀ ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-sponsors များအဖြစ် Air Mandalay၊ Hotel Nikko၊ Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ဒုတိယလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၃ ရက်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အမက (၁၁) တာမွေမှ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ပထမတန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်အောင်နေနိုင်ထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာတစ်ဝန်းမှ ပရိသတ်စိတ်ဝင်စား တရုတ်နှင့်တောင်ကိုရီးယား သရုပ်ဆောင်များ

ကမ္ဘာတစ်လွှား အောင်မြင်ကျော်ကြားလျက်ရှိသော တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် ရိန်းသည် တောင်ကိုရီးယား အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် အင်ဆိုးကျောင်(ဆွန်ဟီး)နှင့်အတူ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပလျက်ရှိသည့် ဘာလင်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်နေကြပြီဖြစ်သည်။

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

ကမ္ဘာကျော် တောင်ကိုရီးယား အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ရိန်း ဂျာမနီနိုင်ငံ ဘာလင်ရုပ်ရှင်ပွဲတော်၌ ပရိသတ်အား နှုတ်ဆက်ဟန်။
(ဓာတ်ပုံ-အင်တာနက်)

ရိန်းနှင့်ဆွန်ဟီး

ရိန်းနှင့် ဆွန်ဟီးတို့သည် I am a Cyborg, but That's ok ရုပ်ရှင်၌ ပါဝင်သရုပ်ဆောင်ခဲ့ကြသူများဖြစ်ပြီး ထိုရုပ်ရှင်ဇာတ်ကားသည် အောင်မြင်မှု ရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်သည်။

ရိန်းနှင့် ဆွန်ဟီးတို့ နှစ်ဦးသည် ဘာလင်မြို့တွင် နိုင်ငံတကာမှ သတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်မည်ဖြစ်ပြီး သီးခြားတွေ့ဆုံမေးမြန်းမှု အစီအစဉ်များစွာလည်း ပြုလုပ်ရန် စီစဉ်ထားသည်။

ဆွန်ဟီး

အသက် (၂၈)နှစ် အရွယ်ရှိ ဆွန်ဟီးသည် ဘာလင်ရုပ်ရှင်ပွဲတော်သို့ ၂၀၀၃ခုနှစ်က ပထမအကြိမ် ရောက်ရှိခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ်က A Tale of Two sister ရုပ်ရှင်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ရာ ယခုအခေါက်တွင်မူ ရိန်းနှင့်တွဲ၍ ဘာလင်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

ရိန်းသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၅ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ရက်အထိ ကမ္ဘာတစ်ဝန်းရှိ အင်တာနက် ဝက်ဘ်ဆိုက်မှ အကြိုက်နှစ်သက်ဆုံး အနုပညာရှင်များအား ရွေးချယ်ဆန္ဒပေးခဲ့ရာတွင် ၂၀၀၇ခုနှစ်၏ စိတ်ဝင်စားစရာ အကောင်းဆုံး အနုပညာရှင်တစ်ဦးအဖြစ် ဆန္ဒမဲပေးခြင်း ခံရသူဖြစ်သည်။

ဆွန်ဟီး

ဂျာမနီနိုင်ငံ ဘာလင်မြို့ ရုပ်ရှင် ပွဲတော်သို့ တက်ရောက်နေသည့် တောင်ကိုရီး ယား အမျိုးသမီး သရုပ်ဆောင် ဆွန်ဟီး။
(ဓာတ်ပုံ-အင်တာနက်)

တိုင်းမ်မဂ္ဂဇင်း

ထို့အပြင် ရိန်းသည် တိုင်းမ်မဂ္ဂဇင်းက ပြုလုပ်သော ကမ္ဘာ့စိတ်ဝင်စားစရာအကောင်းဆုံး လူ ၁၀၀ထဲတွင် အာရှ အဆိုတော်များထဲမှ တစ်ဦးတည်း အမည်စာရင်း ပေါက်ကာ ထိပ်ဆုံးစာရင်းများ၌ သတ်မှတ်ခံခဲ့ရသူလည်း ဖြစ်သည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

သံဃာ့ဆောင် လွှဲပြောင်းပေးအပ်

အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့က ဂိလာနသံဃာတော်များဆေးကုသနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးရှိ သံဃာ့ဆောင်လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သံဃာ့ဆေးရုံဆောင်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို နာယကဦးအုန်းကြိုင်က ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်အေးမြင့်ထံ လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် အမှတ် ၃၅၇/၃၆၁ ကုန်သည်လမ်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

မူကြိုဆရာအတတ်ပညာ သင်တန်းဆင်း

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မူကြိုဆရာအတတ်ပညာသင်တန်း ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မူကြိုဆရာအတတ်ပညာသင်တန်း အပတ်စဉ်(၁၃)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါ ဦးစီးဌာန ရုပ်ရှင်ခန်းမ၌ ကျင်းပခဲ့သည်။

သောက်သုံးရေ လုံလောက်စွာရရှိ

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နှင့် (ဠ)ရပ်ကွက်သို့ ငမိုးရိပ်ရေပိုက်လိုင်းဆက်သွယ်ပြီးစီးမှု အောင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့ပြီးနောက် (ည)ရပ်ကွက်သို့ ခြောက်လက်မပိုက်အရှည် ၁၉၃၈ ပေ၊ လေးလက်မပိုက် အရှည်ပေ ၁၁၄၀၀ နှင့် နှစ်လက်မပိုက် အရှည်ပေ၄၇၅၀၀တို့ဖြင့် အိမ်ထောင်စု ၆၅၀ သို့ လည်းကောင်း၊ (ဠ)ရပ်ကွက်သို့ ခြောက်လက်မပိုက် အရှည် ၆၇၃၄ ပေ၊ လေးလက်မပိုက် အရှည် ၆၁၀၇ ပေနှင့် နှစ်လက်မပိုက် အရှည်ပေ ၁၂၀၀၀ တို့ဖြင့် အိမ်ထောင်စု ၇၅၀ သို့ လည်းကောင်း ရေပေးဝေခဲ့ရာ အဆိုပါအိမ်ထောင်စုများမှာ ရေအလုံအလောက်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

စက်မှု(၁)အထူးဈေးရောင်းပွဲတော်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်များကို ဧရာဝတီတိုင်း ပုသိမ်မြို့၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ၊ ဖျာပုံမြို့၌ ဖေဖော်ဝါရီ၁၄ရက်မှ ၂၃ ရက်အထိ၊ မအူပင်မြို့၌ ဖေဖော်ဝါရီ၂၈ ရက်မှ မတ် ၁၀ ရက်အထိနှင့် စစ်ကိုင်းတိုင်း ကသာမြို့၌ ဖေဖော်ဝါရီ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပရန်စီစဉ်ထားသည်။

အားကစားသင်တန်းများဖွင့်လှစ်ရေး ညှိနှိုင်း

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ၂၀၀၇ခုနှစ် နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ၁နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် တူးမော်က ပထမ၊ ခင်မောင်ဝင်းက ဒုတိယ၊ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် တူးမော်နှင့် ငယ်နှောင်းအတွဲက ပထမ၊ မင်းမင်းနှင့် တူးတူးဂျာအတွဲက ဒုတိယ ရရှိကြသည်။ (မြန်မာ့အလင်း)

တရုတ်အမျိုးသမီး သရုပ်ဆောင် ဂေါင်လီနှင့်ကျန်ဇီလီ

ကမ္ဘာတစ်ဝန်း လူကြိုက်များနေသော တရုတ်အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် ဂေါင်လီ (ဝဲ) **နှင့် ကျန်ဇီလီတို့အား တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

တရုတ်အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် ဂေါင်လီနှင့် ကျန်ဇီလီတို့သည်လည်း ၂၀၀၇ခုနှစ်၏ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး အမျိုးသမီး ၉၉ ဦးစာရင်းတွင် ဆန္ဒပြု ရွေးချယ်ခြင်းခံခဲ့ရသည်။ ထိုသို့ရွေးချယ်မှုကို အင်တာနက်ဝက်ဘ်ဆိုက်မှ ဆန္ဒပြုရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အသက်(၄၁)နှစ်အရွယ်ရှိ တရုတ်အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် ဂေါင်လီက အဆင့်၃၄နေရာ ရရှိခဲ့သည်။ဂေါင်လီသည် ဟောလီးဝုဒ်တွင် အောင်မြင်မှုရှိနေဆဲ သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ၎င်း၏ပျိုမျစ်သောအလှနှင့် ပရိသတ်ကိုဖမ်းစားနိုင်စွမ်းရှိနေဆဲပင်ဖြစ်သည်။

စိတ်ဝင်စားမှု

တရုတ်အမျိုးသမီး သရုပ်ဆောင်တစ်ဦးဖြစ်သည့်အသက် (၂၇)နှစ်အရွယ် ကျန်ဇီလီမှာလည်း တရုတ်နိုင်ငံတွင်သာမက အာရှနှင့် ဟောလီဝုဒ်တို့တွင်ပါ အောင်မြင်မှုရရှိနေသော်လည်း ကမ္ဘာတစ်ဝန်းမှ စိတ်ဝင်စားမှု၌ အဆင့် ၈၃ ၌သာ ရှိနေသည်။ **(ကိုးကား-အင်တာနက်)**

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ဝိဇ္ဇာလမ်းသွယ်၊ အမှတ် ၅၂/B နေ ဦးရဲထွန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြံလုပ်ငန်း)-ဒေါ်သင်းသင်းအုန်း(Ame)တို့၏သားလတ်

မောင်နိုင်ထွဋ်အောင်

(Diploma in Hotel, Restaurant and Tourism Management)
(City of London College, London, UK)

နှင့်

Makuhari-6-273, Soverign Hill No (1), Room (202)
Hanamikawa-ku, Chiba-shi, Chiba-ken, Japan နေ
ဦးတေဇ (Director- Shwe Pont Pont Trading Co., Ltd, Yangon & Japan)-
ဒေါ်မော်လီမြင့် တို့၏သမီးကြီး

မနေယမင်းဦး

B.A (International Business Communication)
(Takushoku University, Japan) ,(JRM Group Co.,Ltd. Japan)
International Marketing Department

တို့၏ ၁၁-၂-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာညစာစားပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ ဗိုလ်ချုပ်နေဝင်းနှင့်ဇနီး၊ ဗိုလ်ချုပ်ခင်ဇော် နှင့်ဇနီး၊ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီး ဒေါ်နီနီဝင်း၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်၏ဇနီး ဒေါ်သက်ဝါတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)မှ အပေါင်းအသင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တင်မိုးလွင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့နှင့် တေးသံရှင်ဘိုဘိုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မေမွန်မွန် အောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မေသဉ္ဇာကျော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော အေးမြမြဝင်း၊ မင်္ဂလာသတို့သားအရံ မောင်ဇော်ထက်နှင့် မောင်ရဲဝင်းအောင်၊ မင်္ဂလာသတို့သမီးအရံ ခင်စုစုလွင်နှင့် ဝတ်ရည်ဖြိုးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှဖန်းတီးရှင် အောင်အောင် (တောင်ကြီး)အဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးသော Hallmark Gems & Jewellery မှ ဦးထွန်းထွန်းစိုး-ဒေါ်သက်ထားဆွေ၊ အန်တီမြ (မြမြရတနာ၊ ဗိုလ်ချုပ်ဈေး)၊ မှတ်တမ်းတင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ ပန်းအလှပြင် ခင်မောင်ဝင်း၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ထွဋ်အောင်-မနေယမင်းဦး။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး **"မမြဖူးငုံထွဋ်"** (Grade -4, A-TTC) ၏ ၁၂-၂-၂၀၀၇ (ပြည်ထောင်စုနေ့)တွင်ကျရောက်သော "ကိုးနှစ်ပြည့်" မွေးနေ့ရက်မြတ်မှသည် ကျန်းမာပျော်ရွှင်ပြီး ပညာထူးချွန်သော သမီးလိမ္မာလေး ဖြစ်ပါစေ။

ချစ်ပါးပါး - ဦးရဲထွဋ် B.Sc (Chemistry)Q Master Mariner (F.G) Chief Mate (A-P Moller Maersk Line) (ခေတ္တ- Genoa)
ချစ်မားမား - ဒေါ်မာလာအေး B.A (Geography)

မွေးနေ့ဆုမွန်

နန်းအင်ကြင်းဦး(ခ)မီးမီး ရဲ့ ၁၂-၂-၂၀၀၇ရက်မှာကျရောက်တဲ့ (၁၈)နှစ်ပြည့် မွေးနေ့မှာ ပျော်ရွှင်ချမ်းမြေ့မှုအားလုံးကို ပိုင်ဆိုင်နိုင်ပါစေ။

ကိုကို
ဒုတိယဗိုလ် တေဇလွင်။

အငယ်တန်း စိုက်ပျိုးရေးပညာရှင်(၂)ဦး အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

နည်းပညာနှင့် သုတေသနဆိုင်ရာ ပူးပေါင်းဖလှယ်ရေးအဖွဲ့ (GRET-INGO)မှ ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အသက်(၃၅)နှစ်အောက် အငယ်တန်း စိုက်ပျိုးရေးပညာရှင်နှစ်ဦး လိုအပ်လျက်ရှိပါသည်။

သို့ပါ၍ လျှောက်ထားလိုပါက လျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်၊ အီးမေးလ်) အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် သက်ဆိုင်ရာ စာရွက်စာတမ်း မိတ္တူမှန်များ စသည်များကို ပူးတွဲ၍ GRET ရုံးသို့ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက် နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားနိုင်ပါသည်။

လိုအပ်သော ပညာအရည်အချင်း အချက်အလက်နှင့် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

GRET
၂၄ (L)၊ နတ်မောက်ရိပ်သာလမ်း၊ ကုက္ကိုင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၅၄၀၆၉၄၊ ၅၄၅၉၁၂။
email: yangon@gret.org.mm

(၂၆)နှစ်ပြည့် မင်္ဂလာဆုတောင်း

၁၂-၂-၂၀၀၇ရက်တွင် ကျရောက်သော ချစ်ဖေဖေ **ဗိုလ်မှူးမြင့်နောင်** နှင့် ချစ်မေမေ **ဒေါ်ခင်ဌေးဝင်း**တို့၏ (၂၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် သာယာချမ်းမြေ့ ပျော်ရွှင်သော မိသားစုလေးနှင့်အတူ တိုင်းပြည်အကျိုး၊ သာသနာအကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးများ - အိဇာဇာမြင့်နောင် (Final Year, Law)
သိမ့်သူဇာမြင့်နောင် (Third Year, Law)
သိမ့်ဖြူပြာမြင့်နောင်(First Year,Philosophy)။

(၂၅)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ **ဦးအေးဖေ**(ဒု-ထွေ/ဂျာ၊ နှစ်ရှည်သုတေသနဌာန၊ မော်လမြိုင်) နှင့် မေမေ **ဒေါ်အေးအေးမို** (လက်ထောက်မန်နေဂျာ၊ ခရိုင်စိုက်ပျိုးရေးရုံး၊ မော်လမြိုင်)တို့၏ ၁၂-၂-၂၀၀၇ရက်တွင်ကျရောက်သော ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် ချစ်သောသားသမီးများနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပါစေဟု ဆုမွန်ခြွေလျက်။

ဖေဖေနဲ့မေမေတို့ရဲ့
သားကြီး - ဗိုလ်ထင်လင်းဖေ (8th Intake D.S.T.A)
သမီး - မသီရိထွန်း (B.C.Sc, Hons)
သားငယ် - မောင်ငြိမ်းချမ်းအောင် (2th Yr, B.Tech)
သားထွေး - မောင်ရဲလင်းအောင် (Grade-3, Mary Chapmin)

အသိပေးအကြောင်းကြားခြင်း

အေးသာယာမိုင်းတုံ စက်မှုကုမ္ပဏီလီမိတက်မှ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ရှမ်းစတားမိုင်းတုံဂျစ် (SSMT)မော်တော်ယာဉ်ဝယ်ယူထားသူများအနက် အောက်ဖော်ပြပါ အင်ဂျင်နံပါတ်၊ ဖရိန်နံပါတ်ပါရှိသည့် မော်တော်ယာဉ်လက်ဝယ်ရှိ ယာဉ်ပိုင်ရှင်များသိစေရန် အကြောင်းကြားအပ်ပါသည်။

စဉ်	အင်ဂျင်နံပါတ်	ဖရိန်နံပါတ်
1.	2C-2019363	2006-MDY/SSMT/411
2.	2C-1556147	2006-MDY/SSMT/413
3.	2C-1377358	2006-MDY/SSMT/417
4.	2C-1359915	2006-MDY/SSMT/418
5.	2C-1435525	2006-MDY/SSMT/419
6.	2C-1839423	2006-MDY/SSMT/421
7.	2C-1308111	2006-MDY/SSMT/422
8.	2C-1686967	2006-MDY/SSMT/429
9.	2C-2323876	2006-MDY/SSMT/439
10.	2C-0546096	2006-MDY/SSMT/444
11.	2C-1777828	2006-MDY/SSMT/450
12.	2C-2455696	2006-MDY/SSMT/458
13.	2C-1345116	2006-MDY/SSMT/462
14.	2C-1130622	2006-MDY/SSMT/463
15.	2C-1449597	2006-MDY/SSMT/466
16.	2C-1874681	2006-MDY/SSMT/499
17.	2C-1233032	2006-MDY/SSMT/503
18.	2C-1996420	2006-MDY/SSMT/212
19.	2C-1917436	2006-MDY/SSMT/014
20.	2C-2141723	2006-MDY/SSMT/072
21.	2C-1276289	2006-MDY/SSMT/206
22.	2C-1200076	2006-MDY/SSMT/506

အထက်ဖော်ပြပါ မော်တော်ယာဉ်များသည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ကျန်ငွေများလာရောက်ပေးသွင်းပြီး ယာဉ်မှတ်ပုံတင်စာအုပ်ပြုလုပ်နိုင်ရန်အတွက် Inspection Certificate များ လာရောက်ထုတ်ယူကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ထုတ်ယူခြင်းမရှိပါက ကုမ္ပဏီပိုင်အဖြစ် ပြောင်းလဲမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အေးသာယာမိုင်းတုံစက်မှုကုမ္ပဏီလီမိတက် (ရန်ကုန်ရုံးချုပ်)
အမှတ်(၇)၊ ပင်လုံလမ်း၊ ၃၀ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၈၁၁၈၅၊ ၀၉-၅၀-၀၉၁၈၀။

သတင်းဆောင်းပါးဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၇)တွင် ရေနံတင်သင်္ဘောများတွင်တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့် မြန်မာသင်္ဘောသားများခေါ်ယူ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို သမားတော် ကြီးများထံသို့ အွန်လိုင်းမှတစ်ဆင့် အခမဲ့မေးမြန်းနိုင်မည်၊ မြန်မာနိုင်ငံ၏ တစ်ခါသုံးဆေးထိုးအပ်လိုအပ်ချက် အင်ရောင်းဆေးဝါးစက်ရုံက ဖြည့်ဆည်းပေးမည်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခါနီးတိုင်း အသံပြုတတ်သည့် မှိုပွင့်သဏ္ဌာန် ကျောက်ကလပ် ဇရာဝတီတိုင်းအတွင်း၌ရှိ၊ လိုင်စင်ရပြီး နှစ်နှစ်အတွင်း ဝင်ငွေပြသနိုင်ခြင်းမရှိသော ဆေ့လမ်းညွှန်များကို အရေးယူမည်၊ ဂျပန်တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်မည့် အခွင့်အလမ်း မြန်မာကျောင်းသားများ ရရှိနိုင်တော့မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဘောလုံးလောကပြဿနာများနှင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ်' အားကစားဆောင်းပါးနှင့်အတူ ပေကျင်း၌ ပြည်ပသားများ အိမ်ခြံမြေဝယ်ယူခြင်းလုပ်ထုံးကြေညာ၊ အိန္ဒိယဘောလိဝုဒ် ကိုစိုးမိုးသူ'ဘာချန်း' 'ခန်း'လား၊ အရှေ့တောင်ဥရောပ၏ ပထမဆုံးသော 'ရေခဲဟိုတယ်' ရိုမေးနီးယားနိုင်ငံတွင်ဖွင့်လှစ်၊ တရုတ်နိုင်ငံဗဟိုဒေသတွင် ဓာတ်ငွေ့ယိုစိမ့်သဖြင့် လူတစ်ဦးဖိတ်စင်ပြီး လူတစ်ရာအဆိပ်မိ၊ ၂၀၀၆ အင်ဒိုနီးရှားပို့ကုန် ဒေါ်လာကုဋေတစ်သောင်းဖြင့် စံချိန်တင်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၇နာရီ ၁၇မိနစ် စက္ကန့်၃၀အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၇၃၀ခန့်ကွာဝေးသောမြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

တီးတိန်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တီးတိန် မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ၁၂ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် Faith Baptist Theological Seminary အမှတ် ၈၁ ဓမ္မာရုံလမ်း စမ်းချောင်း မြေနီကုန်း၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပျော်ဖြေတင်ဆက်

ဖေဖော်ဝါရီ ၁၁ရက်က တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၁၀၁နှစ်မြောက်မွေးနေ့ ပျော်ပွဲရွှင်ပွဲ နောက်ဆုံးနေ့တွင် အဆိုတော် လင်းလင်းနှင့်အဖွဲ့ ပရိသတ်အား ဖျော်ဖြေတင်ဆက်စဉ်။

(မြန်မာ့အလင်း)

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အထက(၃) ကြည့်မြင်တိုင် (ယခင်ဝှာကျုံး) တွင် ၁၉၆၅ မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့သော အသက်(၅၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရောက်သည်ဖြစ်စေ၊မရောက်သည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော ကန်တော့ခံဆရာ ဆရာမကြီးများအနေဖြင့် ဆရာမဒေါ်စန်းဝင်း၊ ဒေါ်ဌေးရီ(ကျောင်းသူဟောင်း) ကျောင်းဖုန်း ၂၂၀၃၈၀၊ ဦးမောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉နှင့်ဦးကြည်ကို ဖုန်း-၀၉-၅၁၆၃၇၂၆ တို့ထံ အချိန်မီ အကြောင်းကြား ဆက်သွယ်ကြရန်နှင့် ကန်တော့ပွဲသို့ ကျောင်းတည်ထောင်သည့်နှစ်မှသည် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကတ္တရာခင်း နတ်မောက်မြို့နယ် ဖက်တောချောင်းအနီး ကျောက်စီမြေကာနံရံတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် မန္တလေးတိုင်း မလှိုင်မြို့နယ်သို့ ရောက်ရှိရာ ကုန်းတဲစီမံကိန်း ရှင်းလင်းဆောင်တွင် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက လမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးမှု၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လမ်းအရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ စက်ယန္တရား၊ စက်သုံးဆီများ အလေအလွင့်မရှိအောင် သုံးစွဲရေး မှာကြားသည်။

ထို့မှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် မလှိုင်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ လုပ်ငန်းခွင်အတွင်း ဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် ကတ္တရာလမ်းခင်းနေမှုနှင့် သံဘိုဇရပ်ကျေးရွာအနီး အရှည်ပေ ၁၈၀၊ အကျယ် ၁၄ ပေရှိ ကမ္ဘာတဲ သစ်သားတံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားဒီဇိုင်းမှန်ကန်ရေး၊ ရေရှည်ခိုင်ခံ့စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်း နတ်မောက်မြို့နယ်သို့ ရောက်ရှိရာ အိုင်မနက်ချောင်း စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က လမ်းနှင့်တံတားတည်ဆောက်ပြီးစီးမှုနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နတ်မောက်မြို့နယ်အပိုင်း မိုင်တိုင်အမှတ် ၃၁၅ နှင့် ၃၀၈ အနီးတွင် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ကတ္တရာလမ်းခင်းနေမှု၊ ဖက်တောချောင်းအနီး ကျောက်စီအုတ်ရေမြောင်းနှင့် ကျောက်စီမြေကာနံရံ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းနှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့တို့၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကတ္တရာလမ်းဆောင်ရွက်နေမှုကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မလှိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်များအထိ ဆောင်ရွက်မည်ဖြစ်ပြီး လမ်းအရှည်မှာ မန္တလေးတိုင်းတွင် ၂၂ မိုင် နှစ်ဖာလုံ၊ မကွေးတိုင်းတွင် ၁၄ မိုင် လေးဖာလုံ ရှိသည်။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မန္တလေးတိုင်းအတွင်း ကတ္တရာလမ်း ၁၇ မိုင် နှစ်ဖာလုံ ဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းမြို့ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

ဖလမ်း ဖေဖော်ဝါရီ ၃

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ရက် ညနေ ၄နာရီက ထလန်ရောန်ကျေးရွာ ကလွန်ဒွမ်းစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ထလန်ရောန် ကျေးရွာဥက္ကဋ္ဌ ဦးနိုခုပ်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက် တာဝန်ခံများနှင့် ကျေးရွာပြည်သူများက ပြန်လည်ဆွေးနွေးကြသည်။

အလားတူ ဇန်နဝါရီ ၂၂ရက်က တာလ်ကျေးရွာ မန်ပိန်းစာကြည့်တိုက်နှင့် တလန်ဇာရ်ကျေးရွာ ထန်လျန်စာကြည့်တိုက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၃ရက်က ဒေါ့တက်ကျေးရွာ စာကြည့်တိုက်တွင်လည်းကောင်း ကျင်းပပြီး စာအုပ်စာပေတိုးပွားရေး၊ ပြည်သူအများ စာဖတ်အလေ့အကျင့်ရရှိရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးလုပ်ငန်းတို့ကို ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် မြို့မလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေက ရှင်းလင်းပြသ စဉ်။ (မြို့နယ်စည်ပင်)

လူငယ်သိမှတ်ဖွယ်သင်တန်း တာချီလိတ်မြို့၌ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ လူငယ်လူရွယ် သိမှတ်ဖွယ်ရာအဖြာဖြာ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာန(စာရင်းအင်း)လက်ထောက်ဦးစီးမှူး ဒေါ်အေးသန္တာက ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မန်တုံ ပွင့်သစ်စ ကျေးရွာစာကြည့်တိုက်တည်တံ့ရေး ဟောပြောဆွေးနွေး၊ ဝတ္ထုနှင့် မဂ္ဂဇင်းစာအုပ်များ လှူဒါန်း

မန်တုံ ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်ကန်ကျေးရွာတွင် ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမောင်နှင့် ဝန်ထမ်းများက စာအုပ်များတိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရေး ဟောပြော ဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေဖြင့် စာအုပ်များဝယ်ယူပြီး လှူဒါန်းရာ ဝတ္ထုစာအုပ် ၅၀ နှင့် မဂ္ဂဇင်းစာအုပ် ၅၀ စုစုပေါင်း စာအုပ် ၁၀၀ ကို ကျေးရွာဥက္ကဋ္ဌ ဦးအိုက်လုက စာကြည့်တိုက်မှူး ဦးခန္တီအား ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကျေးရွာစာကြည့်တိုက် အသင်းဝင်ပေါင်း ၁၅၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် မြို့မဈေးကြီးတွင် မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး ဓာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဒွေး၊ အမှုဆောင်အရာရှိ ဦးဒွေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဈေးကြီးအတွင်း မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

ရွှေကျင်မြို့၌ ရေပေးရေး လုပ်ငန်းဆောင်ရွက်

ရွှေကျင် ဖေဖော်ဝါရီ ၄

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျောက်လုံးကြီးကျေးရွာရေပေးရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ကျပန်းစကားပြောပြိုင်ပွဲ ကျောက်ဖြူ၌ကျင်းပ

ကျောက်ဖြူ ဖေဖော်ဝါရီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောက်ဖြူမြို့နယ်က ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် မွန်းတည့် ၁၂နာရီက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တာဝန်ခံ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနန်းအောင်ထွန်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်တင်သိန်းနှင့် အမှုဆောင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဒေါက်တာဦးခင်စိုးနှင့် အမှုဆောင်များ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အမှတ် (၂၉) လေးလွှာ ပုသိမ်လမ်း စမ်းချောင်းမြို့နယ်နေ ဖခင်ကြီးဦးမောင်မောင်မိုး (တက္ကသိုလ် ညိုညိုလေး)နှင့် မိခင်ကြီး ဒေါ်လှမြင့်(၂)နှစ်ပြည့်အား ရည်စူး၍ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဆောင်လမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြေခင်းအလှပြုပြင်

ဆော့လော် ဇန်နဝါရီ ၃၀

ဆော့လော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းစိုးဦး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့ဝင်ဆိုင်းဘုတ်အနီး၌ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး (ဒုတိယဦးစီးမှူး)က ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဥ္ဇူလမ်း ပါရမီရိပ်သာ အမှတ်(၂၁)နေ ဦးတင်သိန်း-ဒေါ်ရီရီ၊ သားသမီး၊ မြေး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက် ထပ် ကျောင်းတော်ကြီးအတွက်အလှူငွေကျပ် ၅၅၀၀၀၀ ကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ဘားအံမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၁

အမှတ် (၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၈နာရီက ဘားအံမြို့အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း အောင်သံလွင် အားကစားကွင်းရှေ့တွင် ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ဆက်လက်၍ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အထူးဈေးရောင်းပွဲတော်တွင်မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ကြွေထည် မြေထည် လုပ်ငန်း၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့်အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းတို့ ပါဝင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ဇန်နဝါရီ ၁၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ခေါဇာမြို့အဝင် ရာဇာဓိရာဇ်လမ်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း၂၀ဖြင့် ကျောက်ချောလမ်းတစ်ဖာလုံ လမ်းခင်းမှုကို ဇန်နဝါရီ ၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများကြည့်ရှု စစ်ဆေးရာ စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ ဦးကျော်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရတနာသီရိ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်း ဇန်နဝါရီ ၁၅

ရတနာသီရိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် နံနက် ၁၁နာရီက စစ်ကိုင်းမြို့နယ် သောတာပန်ကျေးရွာ အောင်မြေဦး ပရဟိတ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေဦးကျောင်းတိုက် ဆရာတော် ဦးဝိလာသ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ စာကြည့်တိုက်အလှူရှင် ဦးစိုးမောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ပေ၊ အနံ ၂၈ပေ၊ အမြင့် ပေ၂၀ရှိ အာရ်စီနှစ်ထပ်တိုက်ဖြစ်ပြီး ပရိဘောဂ၊ ပိဋကတ်သုံးပုံစာအုပ်များ အပါအဝင် သုတရသဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်ပေါင်း ၁၉၈၆အုပ်ကို စုစုပေါင်း ငွေကျပ် ၂၆၃သိန်းဖြင့် ဦးစိုးမောင်-ဒေါ်ခင်သန်း(ရတနာသီရိမြန်မာ့ပိုးထည်) မိသားစု(အမရပူရမြို့)က ဖြည့်ဆည်း မတည်ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာကျော်က အမြွှာဆုရကလေးနှင့် မိခင်အား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

လားရှိုး ကောင်းဆာကျေးရွာ အမကဌ် အာဟာရကျွေးမွေး

လားရှိုး ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကောင်းဆာ (ဂျန်မိုင်) ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် အာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၄ရက် နံနက် ၁၁နာရီက အဆိုပါကျောင်း၌ ကျင်းပရာ တာဝန်ခံကျောင်းအုပ် ဆရာမကြီး ဒေါ်သက်စုထွေး၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပံ့ပိုးကူညီ

အဆိုပါ အာဟာရကျွေးမွေးခြင်းကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက် (လားရှိုး) စာတည်း ဦးဇော်လွင်၏ မွေးနေ့အဖြစ် အာဟာရ ကြက်သားဒံပေါက်ကို ကျောင်းသား ကျောင်းသူများအား ဇနီး ဒေါ်နီလာဝင်းနှင့် ဝန်ထမ်းများက ကျွေးမွေးလှူဒါန်း ခြင်းဖြစ်ပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘောင်ခေါနှင့် ကျောင်းအကျိုးတော်ဆောင်များက လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက် ပေးကြောင်း သိရသည်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်ကျော် ၁၂ ရက်
၁၃-၂-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရော်ဘာနည်းပညာသုံး စက်အရန်ပစ္စည်းများအကြောင်း) (အပိုင်း-၁)
- ၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ပြည်ထောင်စုစိတ်ဓာတ်နှင့် ဝံသာနုရက္ခိတ) (ညွှန့်ဟံ-ကြူတော)
- ၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ကျဆင်းလျက်ရှိသော လူ့သိက္ခာအား ပြန်တင်ခြင်း-မင်းချစ်ဦး)
- ၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (နီးနီးလေး)
- ၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ပြည်ထောင်စု၏ အလှများ)
- ၁၃:၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-မြန်မာစာ) (ဝေါဟာရစကားလုံးများ ကြွယ်ဝစေရန် သင်ကြားခြင်း)

ညနေပိုင်း

- ၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  - (၁) ပြည်ထောင်စုထမင်းပွဲ (တေးနံ့သာမြိုင်အဖွဲ့)
  - (၂) ဒို့ပြည်ကို ဒို့ချစ်သည် (စန္ဒရားမြဦးအဖွဲ့)
  - (၃) ပြည်ထောင်စုနှလုံးသား (စိန်ပန်းပြာအဖွဲ့)
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကျန်းမာဖို့ကိုယ်လက်လှုပ်ရှားရာတွင်-ဒေါက်တာကြည်ကြည်သန်း)
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (သိစေချင်လိုက်တာ)
- ၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် လင်းနေပင်)
- ၁၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
  - (၁) ပန်းနဲ့လိပ်ပြာ (မောင်သိန်းဝင်း၊ တိုးတိုးလွင်)
  - (၂) အချစ်ည(ကေတုဝင်းထွဋ်-တက္ကသိုလ်လဲ့လဲ့)
  - (၃) လိပ်ကလေး (ဇော်ဝမ်း၊ ရွှင်ပြုံး)
- ၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ကိုယ့်ချစ်သူ ကောင်းစားရေးအတွက် (ကိုကျော်ညွန့်)
  - (၂) သူပို့သသောမေတ္တာကြောင့် (သန်းသန်းဆင့်)
  - (၃) ကြုံသာကြုံ မဆုံသည့်လမ်း (စောင်းသိန်းဖေ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အိမ်မဲမြို့နယ်တရားရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ဒေါ်ဖြူဝင်း ချောင်းဖျားကျေးရွာ အိမ်မဲမြို့နယ်။ **တရားလို**

နှင့်

ဦးမြင့်ဦး ကျုံလပါကျေးရွာ အိမ်မဲမြို့နယ်။ **တရားပြိုင်**

အိမ်မဲမြို့နယ် ကျုံလပါကျေးရွာနေ တရားပြိုင်ဦးမြင့်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပြတ်စဲလိုမှု လျှောက်ထားစွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ၂၁ရက် (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့် စာရွက်စာတမ်းများအနက် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်က ထုချေလိုလျှင် တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဤမြို့နယ်တရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဇော်ဝင်းထွန်း
ဒုတိယမြို့နယ်တရားသူကြီး
အိမ်မဲမြို့။

(၅၀)ဂရမ် စက္ကူအလိပ်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၃)စက္ကူစက်(ပလိပ်)မှ ထုတ်လုပ်သော (၅၀)ဂရမ် စက္ကူအလိပ်တန် ၉၀၀ ကို လေလံတင်ရောင်းချမည် ဖြစ်ပါသည်။
၂။ တင်ဒါပုံစံအား အမှတ် ၁၆ဘီ၊ သုခဝတီလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်များ သိရှိလိုပါက ဖုန်း-၅၄၃၃၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်/အချိန် - ၂၃-၂-၂၀၀၇ ၁၂း၀၀ နာရီ။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

ဒေါက်ဆွဲခြောက်စက်ရုံ ငှားရန်ရှိသည်

(၂)တန် ဘွိုင်လာနှင့်လည်ပတ်၍ တစ်နေ့လျှင် ဂျုံအိတ်၁၀၀/၁၂၀ နှင့် ညီမျှသော ခေါက်ဆွဲခြောက်ထုတ်လုပ်နိုင်သည့် စက်နှင့်စက်ရုံအား ငှားရန်ရှိပါသည်။ **စုံစမ်းရန်ဖုန်း-၂၁၁၁၅၀၊ ၂၁၁၁၇၄။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၄၃၉၉ JLM wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းရွှေ မှတ်ပုံတင်အမှတ် ၁၄/မအန(နိုင်)၁၄၃၈၅၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသ္တာတ)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၇၀၇၊ ယ/၉၉၈၂၈၊ **Honda C90 Custom Cms m/c** ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လှဲ ၉/ပကခ(နိုင်)၀၀၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ကျေးဇူးတင်ရှိခြင်း

၆-၂-၂၀၀၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယရဲမှူးဝင်းဆွေ(ငြိမ်း)နာမကျန်းစဉ် ဆေးကုသပေးသော ဆရာဝန် ဆရာမများ၊ ဈာပနကိစ္စတွင် လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေ သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တယ်လီဖုန်း၊ ကြေးနန်းဖြင့်ဝမ်းနည်းကြောင်း အားပေးစကားပြောကြားကြသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

တစ်လပြည့်အလွမ်း

ရဟန်းဒါယိကာမ
မစိမ့်စိမ့်စမ်း(မဘုတ်ဆုံ)(ခ)မသိန်းမြ (မဆွေးမိုက်)

ညီမ-ဦးချစ်နဲ့သားလေးကို မထင်မှတ်ဘဲ ခွဲခွာသွားတာ ၁၂-၂-၂၀၀၇ ရက်နေ့ဆို တစ်လပြည့်ခဲ့ပေမယ့် တစ်နေ့မှ မေ့မရပါ။ ရောက်ရာဘုံဘဝမှာ သာဓုခေါ်ဆိုနိုင်ရန် ညီမအတွက် ရည်စူးပြီး သံဃာတော်အရှင် သူမြတ်များကို ဆွမ်းကပ်ခြင်း၊ သင်္ကန်းများလှူဒါန်းခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူခြင်းတို့ ပြုလုပ်ပေးခဲ့ပါတယ်။

ညီမရေ... အမျှ အမျှ အမျှ...
မေမေ ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါ။

ညီမရဲ့

ဦးချစ်(ခ)ဦးချစ်ဆွေ
သား-ဟိန်းထိုက်ဆွေ
လုံးလုံး၊ ဖူးဖူး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

ပဲခူးတိုင်း မီးသတ်ဦးစီးဌာန တိုင်းမီးသတ်ဦးစီးဌာနမှူး ရဲသူရိန်လှမြင့်နှင့် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်တို့ ဇန်နဝါရီ ၂၈ ရက်က ကျောက်တံခါးမြို့နယ် ဖဒိုအမှတ်(၉၁)သစ်စက်တွင် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဇော်မင်းဦး၊ သစ်စက်သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသလေ့ကျင့်မှုကို ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုရေး ဆွေးနွေး

မြိတ် ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်း ၂၀၀၆ခုနှစ် မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီက မြိတ်မြို့ တနင်္သာရီတိုင်းလယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၆ခုနှစ် မိုးရာသီဘဏ်ချေးငွေကျပ်၅၁၀၃ ဒသမ ၄၉သိန်းကို သတ်မှတ်ကာလအတွင်း အပြည့်အဝပြန်လည်ကောက်ခံရရှိရေး၊ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုရေးနှင့် ငွေကြေးလုပ်ထုံးနှင့် စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ် ဘဏ်ခွဲမန်နေဂျာများက မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်အတွင်း ထာဝရရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ်၁၂၀၀၀နှုန်းဖြင့် ၁၀ ပင်အတွက် ငွေကျပ် ၁၂၀၀၀၀ ကို ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံ အမှတ် ၁၀၅၅ အောင်သပြေလမ်း သပြေခြံရွာမ အရှေ့ရပ်ကွက် အင်းစိန်မြို့နယ်နေ ဒေါက်တာဒေါ်ခင်ခင်ဆွေ၊ သားကြီးဘရန်ဆိုင်း၊ သားငယ်အောင်ကျော် မိသားစုက ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တီးတိန်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်နှင့်ဓာတ်ပုံပြပွဲ

တီးတိန် ဖေဖော်ဝါရီ ၁၁

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တီးတိန်မြို့နယ်ရုံးဝန်ထမ်းများသည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်နှင့်ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ၉ရက်က တီးတိန်မြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲမြို့မ၌ ကျင်းပသည်။

အခမ်းအနားတွင် အလကခွဲ မြို့မကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမနှင့်ကျောင်းသူ ကျောင်းသားများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ် ၁၈၆အုပ်ကို ကျောင်းအုပ် ဆရာမကြီးဒေါ်အင်းငိုက်လျန်းက ပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဒေါ်ဒိုင်းခန့်ဒိမ့်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ခရိုင် ပေါင်းတည်မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် အမှတ်(၉၃)သစ်စက်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကိုကိုလွင်၊ သစ်စက်မန်နေဂျာဦးစောသန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးထွန်းထွန်းနှင့် သစ်စက်ဝန်ထမ်းများ၊ စက်ရုံမိသားစုဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြကြစဉ်။ (မြို့နယ်မီးသတ်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန် ဇန်နဝါရီ ၂၆ ရက်က နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ အလှူရှင် မော်လမြိုင်မြို့ မရမ်းကုန်းရပ် အိမ်အမှတ် (၃၈၃) နေ ဒေါက်တာလှမြတ်ဦး - ဒေါက်တာကြည်ကြည်ဝင်း၊ သားအောင်မြတ်သူ၊ သမီး အေးမို့သူ မိသားစုက ငွေကျပ်လေးသိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

နိုင်ငံရေးလုပ်စားသူတွေကို ထုတ်ပယ်ဖျက်သိမ်းပြီး လက်နက်ကိုင်တိုက်ပွဲတွေကင်းစင်တဲ့ ငြိမ်းချမ်းရေးအခြေခံဒေသတွေတည်ဆောက်ဖို့ ငြိမ်းချမ်းရေးရယူခဲ့ခြင်းဖြစ်

ငြိမ်းချမ်းရေးနှင့်လက်တစ်ကမ်းအလိုအထိ မကြာခဏရောက်ခဲ့သော်လည်း ပြည်ပအဖွဲ့အစည်းများ၏ဩဇာခံ၊ သံယောင်လိုက်သော နောက်မြီးဆွဲများက ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် တောင်းဆိုချက်များကို ပြည်ပအလိုကျရှေ့တန်းတင်မှုကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရ

ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းဖြစ်

ကရင်အမျိုးသား အစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်(KNLA) ငြိမ်း ချမ်း ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ထွေးမောင် ရှင်း လင်း ပြော ကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့် အခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်က ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။

ကျွန်တော်ဟာ အသက် ၁၇နှစ်သားမှစပြီး နှစ်ပေါင်းများစွာ ဒုက္ခဆင်းရဲခံပြီး ရိုးရိုးသားသား အနစ်နာခံတဲ့ ကရင်စစ်သားကြီးတစ်ယောက်ဖြစ်ပါတယ်။ သို့သော် ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံတကာနဲ့ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ တည်ငြိမ်အေးချမ်းမှုမရှိသမျှ

စာမျက်နှာ ၉ ကော်လံ ၁ ●

ပြည်ထောင်စုနေ့ အထူးထုတ် ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံ အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။ (မြန်မာ့အလင်း)

နွေးထွေးစွာ ကြိုဆိုကူညီကြသော ရွာသူရွာသားအားလုံးကို အထူးကျေးဇူးတင် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြသော အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်

ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေး ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုကောကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးက ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒီနေ့ဟာ ကရင်အမျိုးသားနေ့ဖြစ်ပြီး တိုက်ဆိုင်စွာ ငြိမ်းချမ်းရေးအောင်ပွဲကိုကြိုဆိုသော နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

ကျွန်တော်တို့၏ဒေသသို့ ရောက်ရှိသောအချိန်တွင် နွေးထွေးစွာ ကြိုဆိုကူညီကြသော ရွာသူရွာသားအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်တို့ ယခုလို ငြိမ်းချမ်းရေးလုပ်ဆောင်ချိန်မှာ ပါဝင်ခြင်းမရှိသေးတဲ့ KNU/KNLA ခေါင်းဆောင် ရဲဘော်ရဲဘက်များ အားလုံးကိုလည်း ကိုယ့်ကရင်ပြည်နယ်ဒေသမှာ အတူတကွ အေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြဖို့ နွေးထွေးစွာ ဖိတ်ခေါ်လိုပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၆ ■

မြန်မာ့အလင်း နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

❒ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သဖြင့် ယခုအခါ နယ်စပ်ဒေသများသည် ယခင်ကနှင့်မတူ ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်။

တက္ကသိုလ်မောင်သုလိုင်၏ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အစဉ်ထိန်းသိမ်းကာကွယ် [အထူးထုတ် (ဃ၊ ခ၊ ဂ)]

❒ ပြည်ထောင်စုပွဲ နွှဲကြပျော်ပျော် — ခွန်ရဲသွေး (အေးသာယာ)၏ ကဗျာ [အထူးထုတ် (ဂ)]

❒ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေပါပြီကော.... — မင်းဦး (ဒဿန)၏ ကာတွန်း (စာ-၆)